# လောင်းရိပ်အောက်က အသံများ



ရခိုင်ပြည်တွင်း အမျိုးသမီးအခွင့်အရေးနှင့်
ကျား–မ တန်းတူရေးဆိုင်ရာ
ကနဦးလေ့လာဆန်းစစ်ချက်

# လောင်းရိပ်အောက်က အသံများ

## ရခိုင်ပြည်တွင်း  အမျိုးသမီးအခွင့်အရေးနှင့် ကျား–မ တန်းတူရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ချက်

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံးမှ
စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပထမ အကြိမ်
အုပ်ရေ (၆၀၀)
၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ


ထုတ်ဝေသူ

သုတေသနနှင့် မှတ်တမ်းဌာန
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (AASYC)

Email: aasyc.ghq@gmail.com
Ph – +66 (0) 946062178
www.aasyc.info
https://twitter.com/aasyc ghq
https://www.facebook.com/aasyc.arakan/

# မိမိတို့အကြောင်း

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းရုံး
All Arakan students’ and Youths’ Congress



## ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

ရှစ်လေးလုံးအရေးတော်ပုံအား နဝတစစ်အစိုးရမှ အကြမ်းဖက်ဖြိုခွဲကာ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အဖွဲ့အစည်းအသီးသီး၊ နေရာအသီးသီးသို့ ပြန့်ကြဲ ရောက်ရှိနေကြသော ရခိုင်ကျောင်းသားနှင့်လူငယ်များအားလုံးကို စုစည်းရန် ရည်ရွယ်၍ ရခိုင်ကျောင်းသားနှင့် လူငယ်များညီလာခံကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် (၁၉၉၅) ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့မှ အောက်တိုဘာလ (၆)ရက်နေ့အထိ ကျင်းပ ပြု လုပ်ခဲ့ကြသည်။

ထိုညီလာခံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ရခိုင်စစ်ဒေသ)၊ ရခိုင်ကျောင်းသားများအစည်းအရုံး (အိန္ဒိယ) နှင့် တော်လှန်သော ရခိုင်ကျောင်းသားနှင့် လူငယ်များအဖွဲ့ချုပ် (ဘင်္ဂလားဒေ့ရှ်)မှ ကိုယ်စားပြု ခေါင်း ဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂ(ရခိုင်) နှင့် ရခိုင်ပြည်(၁၇) မြို့နယ်မှ ကိုယ်စားပြု ကျောင်းသားလူငယ် စုစုပေါင်း (၆၃)ဦး တက်ရောက်ခဲ့ကြသည်။

ထိုညီလာခံ၌ တသီတခြားလှုပ်ရှားနေကြသည့် အဖွဲ့အစည်းအသီးသီးကို စုစည်း လျက် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (All Arakan Students' & Youths' Congress)ကို အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်များတွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

(ရ၊ က၊ လ၊ စ)၏ နိုင်ငံရေးနှင့် စစ်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ဗဟိုဦးဆောင်အဖွဲ့ကို (၂၁) ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။ အစည်းအရုံး၏ ပထမဆုံးဥက္ကဋ္ဌမှာ ရဲဘော်ခိုင်မြတ်ကျော်ဖြစ်သည်။ညီလာခံမှ ချမှတ်ထားသော ဦးတည်ချက်များကို အောင်မြင်နိုင်ရန် စစ်ရေးလမ်းစဉ်အား အဓိကလမ်းစဉ်အဖြစ် ချမှတ်ခဲ့ပြီး အစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူသော ရခိုင်မျိုးဆက် သစ်တပ် မတော်ကို တပြိုင်တည်း ဖွဲ့စည်းခဲ့ကြသည်။

အမျိုးသားတော်လှန်ရေးအင်အားစုများနှင့် ပတ်သက်၍ (ရ၊ က၊ လ၊ စ) ၏ သဘောထားမှာ–

(၁) ရခိုင်အမျိုးသားတော်လှန်ရေးအင်အားစုများ သွေးစည်းညီညွတ်ရေးအတွက် တခုတည်းသော နိုင်ငံရေးဦးဆောင်ပါတီ၊ တခုတည်းသော တော်လှန်ရေးတပ်မတော် ဖြစ်မြောက်ရေးတွင် ရိုးသားသန့်စင်စွာကြိုးပမ်း ဆောင်ရွက်နေသော မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းကိုမဆို ထောက်ခံသွားမည်။ လုပ်ငန်းစဉ်များ အားလုံး၌ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။ အဟန့်အတားအနှောင့်ယှက် ဟူသမျှကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်သွားမည်။

(၂) ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံးသည် နိုင်ငံရေး ပါတီသစ်ဖွဲ့စည်း ထူထောင်ခြင်း မဟုတ်၊ အမျိုးသားအင်အားစုများ သွေးစည်းညီ ညွတ်ရေးအတွက် ရည်ရွယ်ပြီးဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သဖြင့် အမျိုးသားတော်လှန်ရေးအင်အားစုများ သွေးစည်းညီညွတ်ရေးကို မဖြစ်မနေ ကြိုးပမ်းတည် ဆောက်သွား မည်။

(၃) ရခိုင်အမျိုးသားအင်အားစုများအားလုံး စည်းလုံးညီညွတ်ပြီး တခုတည်းသောနိုင်ငံရေးဦးဆောင်ပါတီ၊ တခုတည်းသောတပ်မတော် ဖြစ်မြောက်လာပါက မည်သည့်အဖွဲ့အစည်းကိုမဆို ထောက်ခံသွားမည်။ ယခုလက်ရှိဖွဲ့စည်းခဲ့သော ရခိုင်ကျောင်းသားလူငယ်များပါဝင်သည့် ရခိုင်ပြည်လုံးဆိုင်ရာ

ကျောင်းသားနှင့်လူငယ်များအစည်းအရုံးနှင့် ၎င်း၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူသော ရခိုင်မျိုးဆက်သစ်တပ်မတော်တို့အား ဖျက်သိမ်းပြီး ဖြစ်ပေါ်လာသော အမျိုးသားပါတီတွင် ပူးပေါင်းပါဝင်သွားမည်ဟု ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်။ အမြင့်ဆုံး နိုင်ငံရေးလုပ်ဆောင်ချက်မှာ (၁၉၉၇) ခုနှစ်တွင် ပြုလုပ်သော တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲမှ ပေါ်ထွက်လာသည့် မဲသရောထာစာချုပ် တွင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် (၁၉၉၇) ခုနှစ်တွင် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ (NUPA) နှင့် ပေါင်းစည်းလိုက်နိုင်ခြင်း ဖြစ်သည်။

(NUPA) နှင့်ပူပေါင်းပြီးနောက်ပိုင်း အခြေအနေ

ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ (NUPA) အား မဖွဲ့စည်းမီ ရခိုင်ပြည် အမျိုးသား ညီညွတ်ရေးတပ်ဦး (NUFA) အား ရခိုင်အမျိုးသား လွတ်မြောက်ရေးပါတီ (ANLP)၊ ရခိုင်ပြည်ကွန်မြူနစ်ပါတီ (ACP)၊ ရခိုင်ပြည်လွတ်လပ်ရေး အဖွဲ့ (AIO)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ရခိုင်ပြည်လူမျိုးစု အမျိုးသားပါတီ (TNP) တို့က တပ်ဦးမှသည် တပါတီသို့ ရည်ရွယ်ချက်ဖြင့် ဦးစွာဖွဲ့စည်းခဲ့ကြသည်။

နောက်ပိုင်း၌ ဗိုလ်ရာဇာ ဦးဆောင်သော ရခိုင်တပ်မတော်(AA) သည် (၁၉၉၁) ခုနှစ်တွင် အမျိုးသားတပ်ဦး၏ဦးဆောင်မှု ကိုခံယူမည်ဟူသော ကြွေးကြော် သံဖြင့် ရခိုင် အမျိုးသားတော်လှန်ရေးနယ်မြေတွင် စတင်ပေါ်ထွက်လာသည်။

ဤကာလများတွင် တပ်ဦးမှ တပါတီဖြစ်ရေးအတွက် အချင်းချင်းညှိနှိုင်း ဆွေးနွေးကြပြီးနောက် အဖွဲ့ဝင်တိုင်းက မိခင်ပါတီအားလုံးကို ဖျက်သိမ်းကာ တပါတီ တည်ဆောက်ရေးအား သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ (၁၉၄၄) ခုနှစ်၊ ဇန်နဝါရီ လ(၅) ရက်နေ့တွင် (ALP)မှ အပ ကျန်အဖွဲ့ဝင်အားလုံးနှင့် ရခိုင်တပ်မတော်တို့သည် ဆုံးဖြတ်ချက်အတိုင်း မိခင်ပါတီအားလုံးကို ဖျက်သိမ်းလိုက်ကာ (NUFA) မှ (NUPA) သို့ပြောင်းလဲပြီး တပ်ဦးမှ တပါတီသို့ တည်ထောင်ခဲ့ကြသည်။

ထို့နောက် ဇန်နဝါရီလ(၉)ရက်နေ့တွင် တပ်ဦးမှ ဦးဆောင်သော ရခိုင်ပြည်သစ် တည်ဆောက်ရေး တပ်မတော် (NACA)နှင့် ရခိုင်တပ်မတော်တို့အား

ထပ်မံ ပေါင်းစည်းကာ ရခိုင်ပြည်တပ်မတော်(AA)အဖြစ် ပြောင်းလဲဖွဲ့စည်း လိုက်သည်။

(၁၉၉၇)ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသား နှင့် လူငယ်များအစည်းအရုံးကလည်း မူလသဘောတူညီချက်အတိုင်း မိခင် အစည်းအရုံးအား ဖျက်သိမ်းကာ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီနှင့် ပူးပေါင်းလိုက်ပြီး အမျိုးသားတော်လှန်ရေး အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

(၁၉၉၈) ခုနှစ် ဖိုလ်ရာဇာ ကျဆုံးပြီးနောက်ပိုင်းတွင် ရခိုင်ပြည်အမျိုးသား ညီညွတ်ရေးပါတီအတွင်း အချင်းချင်းမကျေလည်မှု၊ ကွဲလွဲမှုများကြောင့် အစိတ်စိတ် အမွှာမွှာ ကွဲထွက်သွားကာ (NUPA) သည်လည်း အင်အားချည့် နဲ့သွားခဲ့ရသည်။

(NUPA)ပြိုကွဲပြီးနောက် ရခိုင်ကျောင်းသားနှင့်လူငယ်များ၏ အမျိုးသားနိုင်ငံ ရေး လှုပ်ရှားမှုသည်လည်း ကာလအတန်ကြာသည်အထိ ရပ်တန့်သွားခဲ့ရ သည်။ အိန္ဒိယဘက် ဆိုင်ရာ (ရ၊ က၊ လ၊ စ) ရုံးခွဲသည် ရခိုင်ပြည်အမျိုးသား ညီညွတ်ရေးပါတီနှင့် ပူးပေါင်းခြင်းမရှိဘဲ မူလအစည်းအရုံး အမည်ဖြင့်ပင် ဆက်လက် လှုပ်ရှားခဲ့ သည်။

## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး ပြန်လည် ဖွဲ့စည်းခြင်း

ရပ်တန့်လုနီးပါးဖြစ်ခဲ့ရသည့် (ရ၊ က၊ လ၊ စ) ၏ အခန်းကဏ္ဍကို ပြန်လည် ဖော်ထုတ်နိုင်ရန် ဒုတိယအကြိမ်ညီလာခံကို (၂၀၀၁)ခုနှစ်၊ မေလ(၃၀)ရက် မှ ဇွန်လ (၃)ရက် နေ့အထိ ထိုင်း-မြန်မာနယ်စပ် တနေရာ၌ကျင်းပခဲ့သည်။ ထိုင်း-ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယမှကိုယ်စားလှယ်များစွာတက်ရောက်ခဲ့ပြီး ဗဟိုဦးဆောင်အဖွဲ့ကို (၂၂)ဦးဖြင့် ဖွဲ့စည်း၍ အစည်းအရုံးအား ပြန်လည်ဖွဲ့ စည်း နိုင်ခဲ့သည်။ ဥက္ကဋ္ဌမှာ ရဲဘော်ကျော်ဟန်ဖြစ် သည်။

အိန္ဒိယနိုင်ငံမှ ထိုင်းနိုင်ငံသို့ပြောင်းရွှေ့အခြေစိုက်ကာ အိန္ဒိယနှင့် ဘင်္ဂလား ဒေ့ရှ် ဒေသဆိုင်ရာ (ရ၊က၊လ၊စ) ရုံးခွဲများဖြင့် ဖွဲ့စည်းခဲ့ကြသည်။ ညီလာခံတွင် အစည်းအရုံး၏ ဦးတည်ချက်များကို စစ်ရေးလမ်းစဉ်ပေါ်တွင် အခြေမခံဘဲ

အကြမ်းမဖက်သည့် အမျိုးသားရေးလမ်းစဉ်ကို သာအခြေခံကာ အကောင်အထည်ဖော်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ဗမာပြည်ကျောင်းသားလူငယ် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ခိုင်မာသည့် မဟာမိတ်တည်ဆောက်လာနိုင်ပြီးယနေ့ ဗမာပြည်ဘုံရန်သူတိုက်ဖျက်ရေး တွင် တက်ကြွစွာ ပါဝင်လာနိုင်ခဲ့သည်။ အဓိက အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်၍ ရခိုင်အမျိုးသား တရပ်လုံးကိုယ်စားပြု ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ပေါ် ပေါက်လာရေးကို တစိုက်မတ်မတ် ဆောင် ရွက်လာခဲ့ကြသည်။

နောက်ပိုင်းတွင် (ရ၊ က၊ လ၊ စ) သည် ရခိုင်ပြည်အမျိုးသားကောင်စီ၏ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ရခိုင်ပြည်အမျိုးသားကောင်စီသည် သီးခြားလွတ်လပ်သော ရခိုင်နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများဖြင့် ဖွဲ့စည်းထားသည်။ (၂၀၀၃) ခု နှစ်တွင် (ရ၊ က၊ လ၊ စ) သည် ရခိုင်ပြည်တွင်း ကျောင်းသားနိုင်ငံရေးအင် အားစုများနှင့် ပေါင်းစည်းမိခဲ့သည်။ ထို့နောက် (၂၀၀၅) ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှ (၂၉) ရက်နေ့ထိ ပြည်တွင်း၊ ပြည်ပ ကျောင်းသားလူငယ်အင်အား (၂၇) ဦးဖြင့် ကျင်းပသော တတိယအကြိမ် ညီလာခံတွင် အစည်းအရုံး၏ နိုင်ငံရေး ဦးတည်ချက်များကို ပိုမိုတိုးချဲ့နိုင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၉) ဦးကိုရွေးချယ်တင် မြှောက်ခဲ့ကြသည်။ ရဲဘော်ဝင်းအောင်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ (၂၀၀၆) ခုနှစ်နောက်ပိုင်းတွင် ရဲဘော် ထွန်းဇော်က ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ခဲ့သည်။

ညီလာခံနောက်ပိုင်းတွင် (ရ၊ က၊ လ၊ စ) သည် (၂၀၀၂) ခုနှစ်မှ စတင်၍ ရွှေသဘာဝဓာတ်ငွေ့ ဆန့်ကျင်ရေးလှုပ်ရှားမှုအား ဦးဆောင်ကာ နအဖ လက်ဝါးကြီးအုပ် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအား ဒေသတွင်းနှင့် နိုင်ငံတကာရှိ အဖွဲ့ အစည်းများ၊ အင်အားစုများနှင့် လက်တွဲကာ ကမ္ဘာတဝှန်းလုံး အတိုင်းအတာဖြင့် အစဉ် တစိုက်ဆန့်ကျင် တိုက်ခိုက်လာခဲ့ကြသည်။ ဤစီမံကိန်းသည် ရခိုင်ပြည်သူနှင့် တကွ ဗမာပြည်သူတရပ်လုံးနှင့် သဘာဝပတ်ဝန်းကျင်အား အလွန်တရာဆိုးကျိုးဖြစ်ထွန်းစေမည့် မဟာဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဖြစ်သည်။

(၂၀၀၇) ခုနှစ်တွင် စတုတ္ထအကြိမ်မြောက်ညီလာခံကို စက်တင်ဘာလ (၂၂) မှ (၂၆)ရက်နေ့အထိဒေသအသီးသီးမှတက်ရောက်လာကြသောကိုယ်စားလှယ် (၂၅) ဦးဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။

(ရ၊ က၊ လ၊ စ) အနေဖြင့် ရခိုင်အမျိုးသားနိုင်ငံရေး စင်မြင့်တွင် အစဉ်တစိုက်ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် အဖွဲ့အစည်းတရပ်၏ ရှိသင့်၊ ရှိထိုက်သောမူဝါဒရေးရာ၊ လမ်းစဉ်ရေးရာ၊ မဟာမိတ်ရေးရာနှင့် နိုင်ငံတကာရေးရာများကို ချမှတ် အကောင်အထည် ဖော်ဆောင်လျက်ရှိပြီး ဗမာပြည်ဒီမိုကရေစီ ရရှိရေးတွင် ရည်မှန်းချက်တူ အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် လက်တွဲတိုက်ပွဲဝင်လျက်ရှိသည်။

(ရ၊ က၊ လ၊ စ) အနေဖြင့် မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက် (SYCB) ၊ တိုင်းရင်းသားလူမျိုးများ လူထုဖွံ့ဖြိုးရေးဆုံရပ် (ECDF)၊ ဗမာပြည် အကြမ်း မဖက်လှုပ်ရှားမှုကော်မတီ(CNAB)၊ ညီညွတ်သောတိုင်းရင်းသားလူငယ်များဆုံရပ် (UNYF)၊ မြန်မာနိုင်ငံ၌နေ တိုင်းရင်းသားများ ကွန်ရက် (MIPEN)) တို့တွင် အဖွဲ့ဝင်အ ဖြစ် ပါဝင်လှုပ်ရှားနေပြီး မိတ်ဖက်အဖွဲ့အစည်းအဖြစ် လူ့အခွင့်အရေး မှတ်တမ်းတင် ကွန်ရက် (ND-Burma) တွင်လည်း ပါဝင်လှုပ်ရှားလျက်ရှိသည်။ (၂၀၀၉)ခုနှစ်တွင် ရခိုင်မြစ်ချောင်းများကွန်ရက် (ARN) ကို ဖွဲ့စည်းခဲ့သည်။

## ရ၊ က၊ လ၊ စ ၏ မျှော်မှန်းချက်

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာမြန်မာနိုင်ငံသည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုတို့အတွက် လိုအပ်သည့်အခွင့်အရေးနှင့် အခွင့်အလမ်းများကို နိုင်ငံသားတယောက်ချင်းစီ တိုင်းရင်းသားမျိုးနွယ်စု တစုချင်းစီအား အပ်နှင်းထားသည့် စစ်မှန်သော ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတခု ဖြစ်သင့်သည်ဟူ၍ ဖြစ်သည်။

## ရ၊ က၊ လ၊ စ ၏ ထမ်းဆောင်ရမည့် တာဝန်

ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်ရန်

အလို့ငှာ ကျွန်ုပ်တို့အနေဖြင့်–

၁။နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအား ဖွဲ့စည်းတည် ဆောက်ပုံနှင့် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ ဖန်တီးရာတွင် လူထုအနေဖြင့် နိုးကြားတက်ကြွစွာ၊ ဗဟုသုတရစွာနှင့် အဓိပ္ပါယ်ရှိစွာ ပါဝင်လာနိုင်စေရန် အောက်ခြေအဆင့် အသိပညာပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများမှတဆင့် တွန်းအားပေးသွားရန်။

၂။ မြန်မာနိုင်ငံ လက်ရှိနိုင်ငံရေးထစ်ဆို့မှုနှင့် စီးပွားရေးနှောင့်နှေးမှုတို့ကြောင့် ကမ္ဘာ့လုံခြုံရေးနှင့်တည်ငြိမ်ရေး တို့အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများကို မီးမောင်း ထိုးပြလျှက်နိုင်ငံတကာ အသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများပေါ်ပေါက်လာအောင်စေ့ဆော်တိုက်တွန်းသွားရန်။

၃။ မိမိတို့၏အခွင့်အရေးများကို ကိုယ်တိုင်သိနားလည်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တို့ အတွက် လက်ဦးမှုရှိရှိဖြင့် တာဝန်ယူတတ်သည့် နိုင်ငံရေးခေါင်းဆောင်မျိုးဆက်သစ်တရပ် ပေါ်ထွန်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်။

## နိုင်ငံရေး ဦးတည်ချက် (၇) ရပ်

၁။ ရခိုင်ကျောင်းသားနှင့် လူငယ်များ ဗလ (၅) တန် ဖွံ့ဖြိုးရေး။

၂။ ရခိုင်ဂေဟစနစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

၃။ ရခိုင်တမျိုးသားလုံး၏ သွေးစည်းညီညွတ်ရေး။

၄။ နယ်ချဲ့လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး။

၅။ အဖိနှိပ်ခံ တိုင်းရင်းသား ပြည်သူတရပ်လုံး လွတ်မြောက်ရေး။

၆။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး။

၇။ ရခိုင်တမျိုးသားလုံးကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။

## Abbreviation

CEDAW – Convention on the Elimination of All Forms of Discrimination against Women
CSW – Commission on the Status of Women
ANPCC – Arakan National Policy Coordination Committee
ULA/AA – United League of Arakan/ Arakan Army
ARSA – Arakan Rohingya Salvation Army
NLD – National League for Democracy
UNSCR – United Nations Security Council Resolution

# အပိုင်း(၁)
# ရည်ရွယ်ချက်

ရခိုင်ပြည်အပါအဝင် မြန်မာတနိုင်ငံလုံး၌ လူ့အခွင့်အရေးနှင့် ကျား-မ တန်းတူရေးဆိုင်ရာ အသိပညာများကို လေ့ကျင့်ပျိုးထောင်ရန် အလွန်နောက်ကျလျက်ရှိသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးချိုး ဖောက်မှုများနှင့် ကျား-မတန်းတူရေး စံများကို မသိရှိခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အစိုးရအဆက်ဆက်များသည်လည်း ကျား-မတန်းတူရေး အသိပညာပေးလုပ်ငန်းများကို စည်းစနစ်ကျစွာ အလေးထားဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ကြပေ။ ထိုသို့ အားနည်းချက်များကြောင့် ရခိုင်ပြည်အတွင်းရှိ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ တန်းတူ ပညာသင်ကြားခွင့်မရခြင်း၊ နိုင်ငံရေးတွင် ဦးဆောင်ရန်နှင့် ပါဝင်ဆောင်ရွက်ရန် အားနည်းရခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများကို ခံစားရခြင်း အစရှိသော လူ့အဖွဲ့အစည်းပြဿနာများကို ကြုံတွေ့နေရသည်။ ထိုကဲ့သို့ ကြုံတွေ့ခံစားနေရသည်ကို ပင်လျှင် မိရိုးဖလာ ဓလေ့ထုံးစံအဖြစ် လူ့အဖွဲ့အစည်းအတွင်း လက်ခံနေကြဆဲ ဖြစ်သည်ကို စနစ်တကျ အကဲဖြတ် ရန်လိုအပ်နေသည်။

နိုင်ငံရေးပြဿနာများကြောင့် ပေါ်ပေါက်လာသော စစ်ပွဲများ၊ ၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာသော ပဋိပက္ခများ၏ ရိုက်ခတ်မှုများကြောင့် စိန်ခေါ်မှုများကြားတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်နိုင်စေရေးအတွက် ကြိုးစားကာကွယ်ရေးကို အထူး ဆောင်ရွက်ရန်လိုအပ် နေပါသည်။ ဤအစီအရင် ခံစာသည် အနာဂတ် ရခိုင်ပြည်၌ ပိုမိုပြည့်ဝသော ကျား-မ တန်းတူရေး အသိပညာရပ်များ လူ့အဖွဲ့အစည်းအတွင်း တိုးတက်ဖြစ်ပေါ်ရေးကို ရည်ရွယ်ပါ သည်။

ရခိုင်ပြည်အပါဝင် မြန်မာနိုင်ငံတဝှမ်းလုံး အနာဂတ်ကာလတွင် အတူတကွ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတရပ် ဖြစ်လာစေရေး မျှော်လင့်ချက်ဖြင့် ဤအစီရင်ခံစာကို ရည်ရွယ်ပြုစုရေးသားလိုက်ရပါကြောင်း ဖော်ပြအပ်ပါသည်။

# အပိုင်း(၂)
# အမျိုးသမီးအခွင့်အရေး နှင့် ကျား-မတန်းတူရေးမိတ်ဆက်

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးနှင့် အမျိုးသမီးများ၏ အဆင့်အတန်းကို မြှင့်တင်ရန်အတွက် နိုင်ငံတကာအခန်းကဏ္ဍ၌ စဉ်ဆက်မပြတ်ကြိုးပမ်းလျှက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများတွင် အထင်ရှားဆုံးအဖွဲ့အစည်းမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကို ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက် ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ် ကတည်းက လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရင်းကို ၎င်း၏ ပဋိညာဉ်တွင် ဖော်ပြ ထားခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အမျိုးသမီးများ၏ အဆင့်အတန်းနှင့် ခွဲခြား ဆက်ဆံမှုဆိုင်ရာကော်မရှင် (CSW) ကို ဖွဲ့စည်းနိုင်ခဲ့သည်။ အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုပီပြင်လာစေရန် ၁၉၇၂ ခုနှစ်တွင် ပြုလုပ်သော အထွေထွေ ညီလာခံက ပိုမိုကျစ်လျစ် စည်းနှောင်နိုင်မည့် စာချုပ်တရပ် ပေါ်ပေါက်လာ စေရန် CSW ကို တောင်းဆိုခဲ့ကြသည်။

အကျိုးရလာဒ်အဖြစ် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် အမျိုးသမီးအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကို အထွေထွေညီလာထံ၌ အတည်ပြုနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ (၂၀) က စတင် သဘောတူလက်မှတ် ရေးထိုးခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်က လက်မှတ်ရေးထိုးသည့် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံထိ တိုးတက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများ၏ ၉၇ ရာခိုင်နှုန်း CEDAW အား လက်မှတ် ရေးထိုးထား သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည်လည်း အမျိုးသမီးများအား နည်းလမ်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကို ၁၉၉၇ ခုနှစ် တွင် လက်မှတ်ရေးထိုးခဲ့သည်။ CEDAW တွင် အဓိက အပိုင်း(၃) ခုခွဲ၍ အလေးပေး ဖော်ပြထားပေသည်။

**နိုင်ငံသားအခွင့်အရေး–** မဲဆန္ဒပေးပိုင်ခွင့်၊ ရုံးတက်ခွင့်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပိုင်ခွင့်တို့ ပါဝင်သည်။ ပညာသင်ကြား ခွင့်၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ လူမှုရေးနှင့် စီးပွါးရေး လုပ်ရှားမှုများ တွင် ခွဲခြားဆက်ဆံမှုကင်းသော အခွင့်အရေးများရရှိရန် ဖော်ပြသည်။ အိမ် ထောင်ဖက် ရွေးချယ်မှု၊ မိဘဖြစ်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုအပေါ် ကွပ်ကဲမှု၊ ကိုယ် ပိုင်အခွင့်အရေးများနှင့်စပ်လျဉ်း၍ တန်းတူညီမျှသော အခွင့်အရေး ရရှိနိုင် ရန်တို့ကို ဖော်ပြထားသည်။

**မျိုးပွါးမှုအခွင့်အရေး–** ကလေးပြုစုပျိုးထောင်မှုအတွက် ကျား–မ နှစ်မျိုး စ လုံးက အပြည့်အဝ မျှဝေတာဝန်ယူမှုအတွက် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ မီးဖွားခွင့်နှင့် မီးဖွားခွင့်အပါအဝင်ကလေးသူငယ်စောင့်ရှောက် ရေးဆိုင်ရာ အခွင့်အရေးများ၊ မျိုးပွါးမှုရွေးချယ်ခွင့်နှင့် သားဆက်ခြားခြင်းဆိုင်ရာ စီမံပိုင် ခွင့်တို့ကို ဖော်ပြထားသည်။

**ကျား–မ ဆက်ဆံရေး–** ကွန်ဗင်းရှင်းတွင် ကျားမရေးရာ မလိုမုန်းထားမှု များနှင့် ဘက်လိုက်မှုများကို ဖယ်ရှားရန် လူမှုရေးနှင့် ယဉ်ကျေးမှုပုံစံများကို မွမ်းမံ ပြင်ဆင်ရန် နိုင်ငံများကို အတည်ပြုရန် လိုအပ်ပါသည်။ ပညာရေးစနစ် အတွင်း ကျားမရေးရာပုံစံများကို ဖယ်ရှားရန်အတွက် ကျောင်းသုံးစာအုပ် များ၊ ကျောင်းပရိုဂရမ်များနှင့် သင်ကြားရေးနည်းလမ်း များကို ပြန်လည်ပြင် ဆင်ပါ။ အများသူငှာ နယ်ပယ်ကို ယောကျ်ားလောကနှင့် မိန်းမအဖြစ် သတ် မှတ်သည့် အပြုအမူနှင့် အတွေးအမြင်ပုံစံများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် မိသားစုဘဝတွင် တန်းတူရည်တူ တာဝန်ရှိပြီး ပညာရေး၊ အလုပ်အကိုင်နှင့် ပတ်သက်သော တန်းတူညီမျှအခွင့်အရေး များရှိကြောင်း အတည်ပြုသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ လက် တွေ့ကျသော ဖော်ဆောင်မှုများကို ဆောင်ရွက်ရန် လိုအပ်သည်။ အမျိုးသမီး အခွင့်အရေးနှင့် ကျား–မတန်းတူညီမျှမှု မရှိဘဲ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ကို ဖော်ဆောင်ရန် ခက်ခဲမည်ပင် ဖြစ်ပါသည်။

# အပိုင်း(၃)
# နောက်ခံအခြေအနေများ

## ၃.၁။ ကမ္ဘာ့နောက်ခံအခြေအနေအကျဉ်း

၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ၊ (၄) ရက် မှ (၁၅) ရက်အတွင်း၊ စတုတ္ထ အကြိမ် ကုလသမဂ္ဂ ကမ္ဘာ့အမျိုးသမီးညီလာခံကို ဘေဂျင်း၌ ပြုလုပ်ခဲ့သည်။

ထိုညီလာခံတွင် အမျိုးသမီးနှင့် ဆင်းရဲမွဲတေမှု၊ အမျိုးသမီးများ၏ ပညာရေး၊ အမျိုးသမီးနှင့် ကျန်းမာရေး၊ အမျိုးသမီးများကို အကြမ်းဖက်မှု၊ အမျိုးသမီး များနှင့် လက်နက်ကိုင်ပဋိပက္ခ၊ အမျိုးသမီးများနှင့် စီးပွါးရေး၊ အခွင့်အာဏာ နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းပြုနိုင်သော အမျိုးသမီးများ၊ အမျိုးသမီးများ တိုး တက်မှုအတွက် အဖွဲ့အစည်းဆိုင်ရာစနစ်၊ လူ့အခွင့်အရေးနှင့်အမျိုးသမီးများ၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီး ငယ် အရေး စသည်ဖြင့်ဆွေးနွေးသည်။

ထိုညီလာခံ ကျင်းပပြီးစီးသည့်နောက်ပိုင်းတွင် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်း နည်းပါး မှုကို ကျယ်ပြန့်စွာ လေ့လာခဲ့ကြပါသည်။ အမျိုးသမီးများကို နိုင်ငံရေးကဏ္ဍ များတွင် ပါဝင်စေမှုအား ပစ်ပယ်ထားမှုမရှိစေရန် ဆောင်ရွက်ရန် လိုအပ် ကြောင်း ဖော်ညွှန်းလာခဲ့သည်။ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်စေမှုရှိလာစေရန် မူဝါဒများချမှတ်ရာ၌ နိုင်ငံတကာ လုပ်ငန်းစဉ်များအပြင် နိုင်ငံအသီးသီးတွင်ရှိသော ပြည်နယ်နှင့် ဒေသအသီး သီးရှိ နိုင်ငံရေး အဖွဲ့အစည်းတိုင်း၏ တရားဝင်စံသတ်မှတ်ချက်များနှင့် မူဝါဒ များနှင့် သက်ဆိုင်ပေသည်။

မူဝါဒများချမှတ်ဖော်ဆောင်ရာတွင် ကျား–မ တန်းတူရေး ကိုအခြေခံသဘော တရားများကိုထည့်သွင်းဖော်ဆောင်ရန်ထည့်သွင်းသုံးသပ်ရန်လိုအပ်ကြောင်း ရည်ညွှန်းသည်။

ဘေဂျင်းညီလာခံသည် CEDAW ၏ အခန်းကဏ္ဍများကို လက်မှတ်ရေးထိုး ထားသည့် နိုင်ငံတိုင်း အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင် ရန်အတွက် ဘေဂျင်းလုပ်ငန်းစီမံချက်များတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး၊ ဘေဂျင်း ညီလာခံအပြီး (၂) နှစ်အကြာ ၁၉၉၇ ခုနှစ်တွင် CEDAW ကို လက်မှတ် ရေး ထိုးခဲ့ပါသည်။

သက္ကရာဇ် (၂၀၀၀) ပြည့်နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အတည်ပြုလိုက်သည့် ဆုံးဖြတ်ချက် အမှတ် (၁၃၂၅) (UNSCR–1325) အရ စစ်ပွဲများသည် အရပ်သားများကို ပစ်မှတ်ထားခြင်းခံနေရပြီး၊ အမျိုးသမီးများ ကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဖယ်ရှားခံနေရကြောင်း ဖော်ပြခဲ့ သည်။ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ သည် မိန်းကလေးများနှင့် အကြမ်းဖက် သော ပဋိပက္ခများနှင့် စစ်ပွဲများ၏ အချိုးမညီသော သက်ရောက်မှုကို ခံကြ ရသည့်အတွက် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် သက်ဆိုင်သော အဓိက အခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ ဆောင်ရွက်ခြင်းကို လေးနက်စွာ အသိအမှတ်ပြုကြောင်း ရည်ရွယ်ဖော်ပြပါရှိသည်။

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံး ဖြတ်ချက် (၂၀) နှစ်မြောက် နှစ်ပတ်လည်နေ့ ကိုကျင်းပကာ အမျိုးသမီးများ နှင့် အမျိုးသမီးများ၏ ရှုထောင့်အမြင်များကို ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အခန်းကဏ္ဍများတွင် ပေါင်းစပ်ရန် ကြိုးပမ်းခဲ့ကြသည့် ဆယ်စုနှစ် နှစ်ခုကို အသိအမှတ်ပြုခဲ့ကြပါသည်။

Ref:

(1) UNSCR 1325 ,

(2) Fourth Conference of women, 1995, Beijing, China

(3) Greelane

(4) Commission on the Status of Women

## ၃.၂။ မြန်မာ့အမျိုးသမီး မူဝါဒ နောက်ခံအကျဉ်း

မြန်မာနိုင်ငံ၏ မိရိုးဖလာ စံနှုန်းများအရ အမျိုးသမီးများသည် အိမ်ထောင် မီးဖိုချောင်တာဝန်၊ အိမ်သန့်ရှင်းရေးတာဝန်၊ သားသမီး၊ ကလေးငယ်များကို ပြုစုစောင့်ရှောက်ရမည့်တာဝန်၊ သက်ကြီးရွယ်အို ဆွေမျိုးသားချင်းများအား ပြုစုစောင့်ရှောက်ရမည့်တာဝန်၊ အစရှိသည့် တာဝန်များကို လူမှုရေးအရ တာဝန်ယူရမည့် ဝတ္တရားရှိသည်ဟု ယူဆထားကြသည်။ ထို ဝတ္တရားများ ကိုလည်း မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးတိုင်း ဆောင်ရွက် ကြရမည်ဟု လူ့အဖွဲ့အစည်း တရပ်လုံးက ယုံကြည်မျှော်မှန်းထားကြပါသည်။ နေ့စဉ်လူမှု ဘဝများ၊ စီးပွါးရှာဖွေခြင်း ကဏ္ဍများတွင် အမျိုးသားများကသာ ဦးဆောင် လေ့ ရှိကြသည်။ အိမ်ထောင်မှုဘဝများတွင် အမျိုးသားများကသာ ခေါင်း ဆောင်ဖြစ်နေကြပြီး အမျိုးသမီးများမှာ အမျိုးသားများ၏ ပါရမီဖြည့်ဖက် အထောက်အကူအဖြစ် သတ်မှတ်ထားနေကြဆဲပင်ဖြစ်သည်။

မိရိုးဖလာ မူဝါဒ အစွဲဟောင်းကိုင်စွဲ၍ အမျိုးသမီးများ၏ ဦးဆောင်မှု အခန်း ကဏ္ဍကို ဖယ်ကျဉ်ထားသကဲ့သို့ ဖြစ်နေသည့်အတွက် ထို့သို့သော အလေ့ အကျင့်များသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို လျော့ပါးစေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် အစောဆုံး ရပ်တည် ခဲ့သည့်နိုင်ငံဖြစ်သည့်အပြင် လူ့အခွင့်အရေးကြေငြာစာတမ်းကိုလည်း အစော ဆုံး လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံဖြစ်သော်ငြားလည်း လူ့အဖွဲ့အစည်းအ တွင်း ခွဲခြားဆက်ဆံမှုပပျောက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ရန် လွန်စွာ အားနည်းခဲ့ကြောင်းတွေ့ရှိရသည်။

ကျောင်းပညာရေးများတွင် အမျိုးသမီး အခန်းကဏ္ဍကို မြှင့်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် သီးသန့် ပြဌာန်းချက်များ မပါဝင်ပေ။ လူမှုရေး အခန်းကဏ္ဍ ကို မြှင့်တင်နိုင်သည့် ထိရောက်သော ပညာရေးစနစ်မျိုး မဖြစ်ခဲ့သည့်အပြင် လူ့အခွင့်အရေးကို ဖော်ညွှန်းနိုင်သည့် သင်ရိုးများမဟုတ်ခဲ့ဘဲ ဇာတိမာန်နှင့် အမျိုးဂုဏ်ကို မြှင့်တင်ရန် ရည်ရွယ်သည့်သင်ရိုးများသာ အများဆုံး ဖြစ်ခဲ့ သည်ကို တွေ့ရှိရပါသည်။ စစ်တပ်က အမြဲတစေ ဦးဆောင်ပါဝင်လေ့ရှိသော ခေတ်အဆက်ဆက် အစိုးရများသည် ပညာရေး အခန်းကဏ္ဍကို လျစ်လျူ ရှု

ထားခဲ့ကြသည်။ မြန်မာနိုင်ငံ၏ပညာရေး အသုံးစရိတ်သည် ပြည်တွင်း ဝင်ငွေစုစုပေါင်း (GDP)၏ ၁.၃ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရပေသည်။

ပညာရေးနိမ့်ကျမှုနှင့် ပညာအရည်အသွေးနိမ့်ကျမှုတို့သည် အမျိုးသမီးများ၏ ယုံကြည်ချက်နှင့် စွမ်းဆောင်နိုင်မှုကို များစွာသက်ရောက်ပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် အမျိုးသမီးများအပေါ် အကန့်အသတ်တခု ဖြစ်နေသည်လားဟုပင် မေးခွန်းထုတ်စရာပင်ဖြစ်နေ သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၄၈)တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့် အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြုခွဲခြားမှု မရှိစေရ။" ဟု အပြုသဘောဆန်စွာ ပြဋ္ဌာန်းထားသယောင် ထင်ရသော်လည်း ပုဒ်မ(၃၅၂)တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည် အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်း ပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှု မပြုရ။ အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များ အတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။" ဟု ပြဋ္ဌာန်းထားသဖြင့် မြန်မာနိုင်ငံ၏ အခြေခံဥပဒေ သည်ပင် ခွဲခြားဆက်ဆံမှု ကိုဖော်ပြနေသည်။

**စစ်အစိုးရ အုပ်ချုပ်စဉ်ကာလ** – စစ်အစိုးရ၏ ၂၀၀၇ ခုနှစ် CEDAW အစီရင်

ခံစာတွင် မြန်မာနိုင်ငံမှ အမျိုးသမီးများသည် မွေးဖွားလာစဉ် ကတည်းက အခွင့်အရေး အပြည့်အဝရရှိပြီးသားဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းတွင် ခွဲခြားဆက်ဆံမှုများ မဖြစ်ပါဟု စစ်အစိုးရဖက်က အတိအလင်း ပြောဆိုခဲ့သည်။ ထို့ကြောင့် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သော ကာလများတွင်

အုပ်ချုပ်သူဖြစ်သည့် စစ်တပ်သည် CEDAW ၏ အနှစ်သာရ နှင့် ရည်ရွယ်ချက် ကို နားလည်ခဲ့ခြင်း မရှိကြောင်း ထင်ရှားပါသည်။

မြန်မာနိုင်ငံတွင် ကျား–မတန်းတူရေးနှင့် အမျိုးသမီး ပိုမိုပြည့်ဝစွာ စီစဉ်ပြဋ္ဌာန်းနိုင်ရန် အခြေခံဥပဒေက အဟန့်အတားသဖွယ်ဖြစ်နေသည်ကို တွေ့ရှိ ရပေသည်။

## ၃.၃။ ရခိုင်ပြည် အမျိုးသမီး မူဝါဒ နောက်ခံအခြေအနေ

ရခိုင်ဒေသသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်ထဲတွင် ချင်းပြည်နယ်ပြီးလျှင် ဒုတိယနေရာတွင်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေး နိမ့်ကျခဲ့သည့်ပြည်နယ် တခုဖြစ်ပါသည်။

ရခိုင်ပြည်ရှိ အမျိုးသမီး အများစုမှာ ကျေးလက်ဒေသနေ အမျိုးသမီးများသာ ဖြစ်ကြပေသည်။ အမျိုးသမီးအများစုသည် ပညာရေးနိမ့်ပါးခဲ့ရသည့်အပြင် ပညာသင်ကြားခွင့်ပင် ကောင်းမွန်စွာမရခဲ့သည့် စစ်အစိုးရခေတ်များကို ကြုံတွေ့ခဲ့ကြရပါသည်။ မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်သည် လူ့အခွင့်အရေးနှင့် ကျား–မ တန်းတူရေးတို့ကို ကောင်းစွာ နားမလည်ခဲ့ကြသဖြင့် လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာစံနှုန်းများကို လူအဖွဲ့အစည်းတွင် လေ့ကျင့်ပေးခြင်း မရှိခဲ့ပေ။ ခွဲခြားဆက်ဆံမှုကို အကြောင်းပြု၍ ပဋိပက္ခများစွာနှင့်ကြုံတွေ့ ခဲ့ရသော ဒေသတခုဖြစ်ပါသည်။

၂၀၁၂ ခုနှစ်က လူမျိုးရေးကိုရေးရှုသော ပဋိပက္ခတွင် အမျိုးသမီးများစွာ ခွဲခြားဆက်ဆံခံခဲ့ ကြရပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာအစိုးရနှင့် ARSA အဖွဲ့တို့၏ လက်နက်ကိုင်ပဋိပက္ခကြားတွင် အမျိုးသမီးများစွာ လူ့အခွင့်အရေးချိုး ဖောက်ခံရခြင်း၊ ခွဲခြားဆက်ဆံ ခံခဲ့ကြရသည်။ ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင်လည်း မြန်မာအစိုးရနှင့် ULA/AA တို့၏ လက်နက်ပဋိပက္ခကြားတွင် အမျိုးသမီးများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ခံခဲ့ကြရပါသည်။

၂၀၂၁ခုနှစ် တွင် စစ်တပ်က အာဏာသိမ်းပြီးနောက်တွင် အလွတ်သဘောအပစ်အခတ်ရပ်စဲကြသဖြင့် တိုက်ပွဲများ ခေတ္တငြိမ်သက်သွားခဲ့သော်လည်း

စစ်ကောင်စီ အုပ်ချုပ်ရေးတဖက်၊ ULA/AA ၏ အုပ်ချုပ်ရေးက တဘက် ဖြစ်ပေါ်လာခဲ့ပြီး အုပ်ချုပ်ရေး လွှန်ဆွဲပွဲများကြားတွင် အမျိုးသမီးတို့၏ အခွင့်အရေးမှာ မေးမှိန်ခဲ့ရသည်။

တရားဥပဒေစိုးမိုးမှု ကျဆင်းခဲ့သည့်အတွက် အမျိုးသမီးများကို ကျူးလွန်သော ရာဇဝတ်မှုပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည်။ တရားဥပဒေ စိုးမိုးရေး စိုးမိုးမှု လျော့ပါးနေသောဒေသတွင် လူ့အခွင့်အရေး နှင့် ကျား-မ တန်းတူရေးတို့ကို ဆောင်ရွက်ရန်မှာ ခက်ခဲသော အခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံရေး ပြဿနာများကို အများပြည်သူဘ၀ လုံခြုံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းကြရမည့် အနေအထားဖြစ်သည်။ နိုင်ငံရေးအတွင်း အမျိုးသမီးပါဝင်မှုမှာလည်း လွန်စွာအားနည်းနေသည်ကို တွေ့ရသည်။

Reference:

(၁) စစ်အာဏာရှင်ကြီးစိုးမှုမှောင်ရိပ် (မြန်မာနိုင်ငံမှ အမျိုးသမီးများ-၂၀၀၈)

(၂) မြန်မာနိုင်ငံရှိအမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမူဝါဒများ (Alliance for Gender Inclusion in the Peace Preocess)

(၃) ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ

(၄) အုပ်ချုပ်ရေးလွှန်ဆွဲကြားမှမြေဇာပင် (AASYC-မီဒီယိုသုံးသပ်ချက်)

# အပိုင်း(၄)
# သုတေသနနည်းနာ

ဤသုတေသန အစီရင်ခံစာ သည် ရခိုင်ပြည်တွင်း အမျိုးသမီးအခွင့် အရေးနှင့် ကျား–မတန်းတူရေးကို ရှေးရှု၍ နိုင်ငံတကာ စံနှုန်းများနှင့် ရခိုင်ပြည်တွင်း နေထိုင်လျက်ရှိသော အမျိုးသမီးများ၏ အဆင့်အတန်းနှင့် စွမ်းဆောင်ရည် တို့ကို လေ့လာဆန်းစစ်ခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် ဤသုတေသနကို ဘက်မလိုက်သော မူဝါဒဖြင့် လေ့လာဆန်းစစ်မှုတို့ကို ပြုလုပ်ခဲ့သည်။

ဤကဲ့သို့လေ့လာဆန်းစစ်မှုကို ပြုလုပ်ရန်အတွက် ရခိုင်ပြည်တွင် လက်တွေ့ ဆန်းစစ် အကဲဖြတ်ရန်လိုအပ်မည့် အကြောင်းအရာများ အပြည့်စုံနိုင်ဆုံး ပါဝင်လာနိုင်စေရေးအတွက် ရခိုင်အမျိုးသားအဆင့် မူဝါဒရေးရာညှိနှိုင်းရေး ဆွဲရေးအဖွဲ့ (ANPCC)၏ ရခိုင်ပြည်သစ် (သို့မဟုတ်) အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံရမည့် အခြေခံမူများ နှင့် အကြံပြုချက်များ၊ လူသားလုံခြုံရေးဆိုင်ရာ အခြေခံမူ များနှင့် အကြံပြု ချက်များတွင် ပါရှိသော ကျား– မ တန်းတူရေး၊ အမျိုးသမီးရေးရာနှင့် သက် ဆိုင်သော အခြေခံမူများနှင့် အကြံပြုချက်များကို ပြန်လည်သုံးသပ်ခဲ့ပါ သည်။ ထို့အပြင် နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး ဖြစ်စဉ်များ တွင် အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် ကိုယ်စားပြုမှု အခန်းကဏ္ဍ၌ ဖော်ပြ ထားသော အခြေခံမူ (၂၄)ချက်နှင့် အကြံပြုချက် (၂၆)ချက်ကို လည်း သုံးသပ် မှုမှ ရရှိသော အခြေခံအချက်များကို အခြေပြု၍

(၁) နိုင်ငံရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး

(၂) လူမှုရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး

(၃) စီးပွါးရေး နှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး

(၄) ယဉ်ကျေးမှုနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး

(၅) သဘာဝ ပတ်ဝန်းကျင်နှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေး

(၆) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေး

(၇) ကျား–မတန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေး အထွေထွေ ဟူ၍

ကဏ္ဍ(၇)ခု ခွဲခြားကာ တွေ့ဆုံမေးမြန်းမှု (အင်တာဗျူး) မေးခွန်းများကို ပြုစုခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ရာတွင် အရေအတွက်ကို ဦးစားပေးသည့် သုတေသနအသွင်သဏ္ဍာန်ကို မဖော်ဆောင်ဘဲ အရည်အသွေးကို ဦးစားပေးသည့် သုတေသနအသွင်သဏ္ဍာန်ကို ရရှိစေရန်အတွက် ရခိုင်ပြည်တွင်းရှိ အမျိုးသမီးများ အရေးကို တစိုက်မတ်မတ် ဆောင်ရွက်နေကြသည့် အမျိုးသမီးဆိုင်ရာ လူမှုအသင်းအဖွဲ့များ၏ ဦးဆောင်မှုအပိုင်းတွင်ရှိသော အမျိုးသမီးများ၊ နိုင်ငံရေးပါတီများထဲက အမျိုးသမီးနိုင်ငံရေးသမားများ ကို မေးမြန်းမှုပြုလုပ်သည်။ ရရှိလာသော သတင်းအချက်အလက်ကို အသုံးပြု၍ သုတေသန ရှုထောင့်ဖြင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အခက်အခဲကို ရှာ ဖွေသည်။ တွေ့ဆုံမေးမြန်းမှု(အင်တာဗျူး)မေးခွန်းများကို တည်ဆောက်ရာတွင် အမျိုးသမီး အခွင့်အရေးနှင့် ကျား-မတန်းတူရေး အကြောင်းအရာကို အပြည့်အစုံတည်ဆောက်ထားသော (Complete Structured Interview) ပုံသဏ္ဍာန်များပါဝင်ခဲ့သည့်အပြင် (Open-ended Questions) အဖွင့်မေးခွန်းများကို အသုံးပြုသည့် အတွက် လူ့အဖွဲ့ အစည်းတွင်း အမျိုးသမီးအခွင့်အရေးနှင့် ကျား-မတန်းတူရေးအတွက် မေးခွန်း၏ အကန့်အသတ်ထက် သာလွန်သော သတင်းအချက်အလက်များကို ရယူပါသည်။ တွေ့ဆုံမေးမြန်းမှုများမှ ရရှိလာသော သတင်းအချက် အလက်များကို အသုံးပြု၍ စစ်တမ်းမေးခွန်းများကို ပြုလုပ်သည်။ စစ်တမ်းမေးခွန်းများ၏ အသွင်သဏ္ဍာန်မှာ Descriptive Research ၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် တွေ့ရှိချက်များကို ဖော်ပြခြင်း၊ ရှင်းပြခြင်း များ ဆောင်ရွက်ပြီး အတည်ပြုချက် သဘောထားကို ရယူသည့်နည်းလမ်း ဖြစ်သည်။

## ၄.၁။ သုတေသန အကန့်အသတ်များ


ဤသုတေသန စစ်တမ်းကို ပြုလုပ်သည့် အချိန်ကာလမှာ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်အား ဖျက်သိမ်းပြီး အရေးပေါ်ကာလပြဋ္ဌာန်းထားသည့် စစ်တပ်က အာဏာသိမ်းထားဆဲ ကာလဖြစ်နေသည်။ သုတေသန၏ အရေးပါသော ကဏ္ဍဖြစ်သည့် “နိုင်ငံရေးနှင့် ကျား-မတန်းတူရေး အမျိုးသမီး အခွင့်အရေး” ကဏ္ဍကို လေ့လာရာ၌ နိုင်ငံရေးပါတီများတွင်ပါဝင်သော အမျိုးသမီး

ခေါင်းဆောင်များကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် အားနည်းခဲ့ရသည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းခြင်းများပြုလုပ်သည်။ စစ်တပ်သည် နိုင်ငံရေးသမားများ ကို ပုဒ်မမျိုးစုံတပ်၍ တရားစွဲဆိုမှုများ မတရားပြုလုပ်ခြင်းများကို ရခိုင်ပြည်အပါအဝင် မြန်မာတနိုင်ငံလုံး ကျူးလွန်ခဲ့သည်။ ထို့ကြောင့် အမျိုးသမီးနိုင်ငံရေးသမားများကို တွေ့ဆုံမေးမြန်းနိုင်ရန် ခက်ခဲရသည်။ အမျိုးသမီးရေးရာ ကဏ္ဍအသီးသီးကို တစိုက်မတ်မတ် ဆောင်ရွက်နေကြသော အမျိုးသမီး (၁၄) ဦးကို တွေ့ဆုံမေးမြန်း မှုပြုလုပ်ခဲ့ သည်။


# အပိုင်း(၅)
# စစ်တမ်းကောက်ယူခြင်းဆိုင်ရာမှတ်တမ်း

စစ်တမ်းဖြေဆိုသူ အရေအတွက်မှာ (၈၂) ဦးဖြစ်သည်။ စစ်တမ်း ဖြေဆိုသူ အများစုမှာ အသက် (၁၉) နှစ်နှင့် (၃၀) ကြား အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ အသက်အကြီးဆုံး မှာ (၅၈) နှစ်ဖြစ်သည်။


(က) စစ်တမ်းဖြေဆိုသူ အသက်အရွယ် အပိုင်းအခြား –
"အသက် (၁၉) နှစ် မှ (၅၈) နှစ်"
(ခ) စစ်တမ်းကောက်ယူသည့် အချိန်ကာလ အပိုင်းအခြား–
၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက် မှ ၂၀၂၃၊ ဇန်နဝါရီလ (၁၀)ရက်
(ဂ) ဖြေဆိုသူလိင်အမျိုးအစား –
ကျား (၉.၉%) ၊ မ (၈၈.၉%)၊ အခြား (၁.၂%)



(ဃ) ဖြေဆိုသူများ၏ အိမ်ထောင်ရေး အခြေအနေ (Marital status)–
အိမ်ထောင်မကျဖူးသေးသူ– (၇၅.၃%)၊ အိမ်ထောင်ရှိ– (၁၂.၃%)၊
အိမ်ထောင်ဖက်ကွယ်လွန်–(၁.၂%)၊ကွာရှင်းထား–(၇.၄%)၊
အိမ်ထောင်ပြုရန်ရည်ရွယ်ချက်မရှိ– (၃.၇%)




(င) ဖြေဆိုသူများ၏ ပညာရေး အဆင့်အတန်း –
ဘွဲ့ရ– (၅၅%)၊ အခြား–(၂၀%)၊ အထက်တန်း –(၁၇.၅%)၊
အလယ်တန်း–(၇.၅%)



# အပိုင်း(၆)
# တွေ့ရှိချက်များ

## ၆.၁။ နိုင်ငံရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ

### ၆.၁.၁။နိုင်ငံရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များ

**(၁) နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ခွင့်**

မြန်မာတနိုင်ငံလုံးတွင် အမျိုးသားများနှင့်အမျိုးသမီးများကြား ခွဲခြားဆက်ဆံမှုများ အမြဲတမ်းရှိနေသည်ဟု ယူဆကြောင်း ရခိုင်ပြည်ရှိ နိုင်ငံရေးပါတီမှ အမျိုးသမီးတဦး က ပြောဆိုသည်။

မြန်မာနိုင်ငံ၏ လွှတ်တော် အရပ်ရပ်တွင် အမျိုးသမီးပါဝင်မှုကို (၃၀) ရာခိုင်နှုန်း သတ်မှတ်ပေးရန်အတွက် ထုတ်ဖော်နေရခြင်းသည်ပင်လျှင် နိုင်ငံရေး၌ အမျိုးသမီး ပါဝင်မှုလျော့ကျနေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း သူမက ဆက်လက် သုံးသပ်ပြေဆိုသည်။

အမျိုးသမီးများကို သားသမီးထိန်းကျောင်းသူအဖြစ်သာ ရှုမြင်တတ်ကြသည့် အစွဲ ရှိနေသေးကြောင်း၊ အလုပ်အကိုင် လုပ်ကိုင်လျှက်ရှိသော အမျိုးသမီး အများစုမှာလည်း ဝန်ထမ်း အဆင့်မျှသာဖြစ်နေကြပြီး နိုင်ငံရေး လောကတွင် ထိထိရောက်ရောက် ဝင်ရောက်လုပ်ကိုင်ခြင်းများ မရှိသလို၊ ဆွဲခေါ်သူလည်း မရှိကြောင်း၊ အကြောင်းအရာ ကိစ္စတိုင်းတွင် အမျိုးသားများကသာ ဦးဆောင်လေ့ရှိနေကြပြီး လူ့အဖွဲ့အစည်းပင်လျှင် အမျိုးသမီးများ၏ ဦးဆောင်မှုကို မလိုက်နာလိုသော သဘောထားများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သူမက ပြောဆိုပါသည်။

ရခိုင်ပြည်အမျိုးသမီးအရေးကို ဆောင်ရွက်နေသော အမျိုးသမီး လူမှုအသင်းအဖွဲ့မှ ခေါင်းဆောင်တဦးက ရခိုင်နိုင်ငံရေးနှင့် အမျိုးသမီးကဏ္ဍနှင့် ပတ်သက်၍ “အမျိုးသမီးများသည် နိုင်ငံရေးကို စိတ်ဝင်စားပါက ရှေ့တန်းထွက်

ပြီး လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ အမျိုးသားများသည်လည်း အမျိုးသမီးများပါဝင်မှုရရှိရန်အတွက် လမ်းဖွင့်ပေးရန်လို အပ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၌ လုံခြုံမှုအား နည်းနေသောကြောင့် အမျိုးသမီးများ အတွက် လွန်စွာစိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လျက် ရှိသောကြောင့် အမျိုးသမီးထု တရပ်လုံးအတွက် ရင်လေးစရာ ဖြစ် ကြောင်း” မှတ်ချက်ပြု ပြောဆိုသည်။

**(၂) လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်ပြဿနာများအား (ဥပမာ – စစ်ဘေးရှောင်၊ လူ့အခွင့်အရေး ချိုးဖောက်မှု) ဖြေရှင်းရေး ဖြစ်စဉ် များတွင် အမျိုးသမီးများပါဝင်မှု**

လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသောစစ်ဘေးရှောင် ကိစ္စများ၊ စစ်ပွဲများကြောင့်ကျူး လွန်ခံရသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ မှတ်တမ်းများကောက်ယူခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသမီးများ ဦး ဆောင်ပါဝင်မှု လေ့လာဆန်းစစ်ရန် တွေ့ဆုံမှုမေးမြန်းမှုများကို ပြုလုပ်ခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ကိစ္စရပ်များကို အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရန် လွန်စွာအားနည်းကြောင်း၊ ပါဝင်လုပ်ဆောင်နေရသူများသည်လည်း ကြောက်ရွံ့နေကြရကြောင်း ရခိုင်အမျိုးသမီးအရေး ဆောင်ရွက်နေသူတဦးက မှတ်ချက်ပြုသည်။

လက်ရှိလုပ်ကိုင်နေရသူများသည်လည်း အလွန်စိုးရိမ်စွာ စွန့်စားလုပ်ကိုင်နေရကြောင်း၊ မြန်မာစစ်တပ်ဖက်က မသင်္ကာလျှင် စွပ်စွဲချက်များဖြင့် ထောင်ချခံရနိုင်ပြီး၊ စစ်တပ်နှင့်ဆန့်ကျက်ဖက် လက်နက်ကိုင်များက နားလည်မှု လွဲပြီး အမှားဟု ထင်မြင်စွပ်စွဲပါက ကြီးမားသော အန္တရာယ်ကို ကြုံတွေ့ရမည် ဖြစ်ကြောင်း မှတ်ချက်ပြုပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်း၊ စစ်ဘေးရှောင်ကိစ္စများကို အမျိုးသမီးများဦးဆောင်ရန် အလွန်အန္တရာယ်ကြီးမားသော အခြေအနေမျိုးဖြစ်ကြောင်း ပြောသည်။

အမျိုးသမီးများပါဝင်မှု အားနည်းရခြင်းမှာ ရခိုင်ပြည်၏လုံခြုံရေး အခြေအနေအရ ဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် လမ်းပမ်းဆက်သွယ်ရေးများ

ပြတ်တောက်ခြင်း အစရှိသည့် အခက်အခဲများစွာတို့ကြောင့် ဖြစ်ကြောင်း ရခိုင်ပြည်ရှိ နိုင်ငံရေးပါတီမှ အမျိုးသမီးတဦးက ပြောသည်။

## (၃) ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်များတွင် အမျိုးသမီးများ ပါဝင်မှု

ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များတွင် အမျိုးသမီးများဦး ဆောင်မှု အခန်းကဏ္ဍကို လေ့လာဆန်းစစ်ကြည့်ရာတွင် “ ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ အမျိုးသမီးပါဝင်မှု အားနည်းလွန်းသည်” ဟု ရခိုင်ပြည်ရှိ နိုင်ငံရေးပါတီမှ အမျိုးသမီးတဦးက ပြောဆိုပါသည်။

လက်နက်ကိုင် အဖွဲ့အစည်းများ၏ စားပွဲဝိုင်းဆွေးနွေးပွဲများ၊ တွေ့ဆုံဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ ပြောဆိုချက်များကို ပါဝင်လာစေရန် ထည့်သွင်းပေးမှသာ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ပြောင်းလဲမှုကို ရရှိစေလာနိုင်ကြောင်း သူမက ဆက်လက်ထောက်ပြ ပြောဆိုသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များကို အမျိုးသမီးများ မပါဝင်လိုကြကြောင်းကိုလည်း လူမှုအသင်းအဖွဲ့မှ အမျိုးသမီးတဦးက ပြောဆိုပါသည်။

## (၄) နိုင်ငံရေးနှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ ရခိုင်ပြည်၏ လက်ရှိအခြေအနေများနှင့် ဖြည့်စွက် ပြောကြားချက်များ

ရခိုင်အမျိုးသမီး လူမှုအသင်းအဖွဲ့မှ အမျိုးသမီးခေါင်းဆောင်တဦး၏ ဖြည့်စွက် ပြောကြားချက်-

“အခုရှိနေတဲ့ရခိုင်ပြည်နိုင်ငံရေး အနေအထားအရ အမျိုးသမီးတွေဟာ ပါဝင်မှုနည်းပါးကြမယ်။ တချို့က (Human Rights) အချက် (၃၀) ကျော်ကို သင်ဖူးကြမယ်။ တစ်ချို့က (စီဒေါ)ကို သင်ဖူးလိုက်မယ်။ တချို့က (Gender) နဲ့ ပါတ်သက်တာကို သင်လိုက်ရတယ်။ တချို့ဌာနေတိုင်းရင်းသား အချက်တွေကို သင်လိုက်ရတယ်။ အချက်တွေ အများကြီး ဖတ်ထားပေမဲ့လည်း အဲ့ဒီအချက်တွေထဲကအတိုင်း လိုက်နာရမယ်ဆိုတာတော့ ပုံသေကားချပ် တွက်

ဖို့မလိုဘူး ဆိုတာပြောချင်တယ်။ ဘာလို့ပြောချင်လဲဆိုတော့ ဆရာမတို့နဲ့ ဘာမှမပတ်သက်ဘူး ဘာမှမဆိုင်ဘူး။ နိုင်ငံတကာက ချလိုက်တဲ့ (Gender) နဲ့ ပတ်သက်လို့ ပြောနေကြတဲ့ဆရာ၊ဆရာမတွေလည်း နားထောင်တယ်။ တခါတခါကျရင် နည်းနည်းလွဲနေတဲ့ဟာတွေရှိတယ်။ လူမျိုးတိုင်းမှာ ပုံသေကားချပ် ချထားတဲ့ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာတွေက ရှိကြတယ်။ သို့သော် အဲဒီရိုးရာဓလေ့ထုံးတမ်း စဉ်လာတွေကို ဖောက်ထွက်၊ ကိုယ်တို့က ဖောက်ထွက်တဲ့နေရာမှာ လူအမြင်ကောင်း ဖို့လိုတယ်။ သင့်တော်ဖို့လိုတယ်။ ပြီးတော့ ကိုယ်တို့တိကျမှန်ကန်ဖို့လည်း လိုတယ်။ ပြီးတော့ ကတိလည်းလိုတယ်။ ပြည်သူတွေကို ကတိမပေးမိစေနဲ့။ ဘယ်သူဖြစ်ဖြစ် ကတိပေးရင် ပြီးအောင်လုပ်။ ကတိပေးလို့ မပြီးလိုက်ရင် ပြည်သူဘက်က ပြစ်ဒဏ်လာတဲ့ခါ ကိုယ့်တို့ကခံရတယ်။ အခုအစိုးရလည်းဘဲ တချိန်ချိန်မှာ အဲ့ဒီလို ပြစ်ဒဏ်ခံရလာမယ်။ ရခိုင်ပြည်ကို ကိုယ်တို့ပိုင်လာရင် ရခိုင်နိုင်ငံတော်ကြီးကို တည်ဆောက်ချင်ပါ တယ်ဆိုတဲ့လူတွေလည်းခံရမယ်။ နောက်ဆုံးကျတော့ ဖြစ်ချင်တာ မဖြစ်လိုက်တဲ့အခါ ပြည်သူတွေဘဲနာပါတယ်။”

### ၆.၁.၂။ နိုင်ငံရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များအပေါ် သုံးသပ်ချက်

ရခိုင်ပြည်တွင် ၁၉၉၀ ပြည့်လွန် စစ်အုပ်ချုပ်ရေးကာလ၌ အမျိုးသမီးများမှာ နိုင်ငံရေးဦးဆောင်မှုကဏ္ဍတွင် ပါဝင်မှုမရှိသလောက် နည်းပါးခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံတော် အဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီး ၊ ခရိုင်၊ မြို့နယ် အဆင့်များတွင် အုပ်ချုပ်ရေး ကဏ္ဍများ ၌ ပါဝင်ဆောင်ရွက်မှုမရှိသလောက် နည်းပါးခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟု ဖြစ်လာမည့် အခြေခံဥပဒေကို ရေးဆွဲကြသည့် အမျိုးသားညီလာခံ အဆင့်တွင်လည်း အမျိုးသမီးပါဝင်မှု အလွန်နည်းပါးခဲ့သည်။

၁၉၉၇ ခုနှစ် စစ်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းလမ်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်၊ နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ရပ်ကျေးများ

အထိ အမျိုးသမီးရေးရာ ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းခဲ့သော်လည်း ပြည်သူလူထု အကျိုးစီးပွါးကို ရှေးရှုသည့် အမျိုးသမီးရေးရာ အဖွဲ့အစည်း အသွင်ကို မရရှိခဲ့ဘဲ၊ စစ်အစိုးရ၏ စစ်အုပ်ချုပ်ရေးကို ဒေါက် တိုင်ဖြစ်စေသည့် အဖွဲ့အစည်းမျှသာ ဖြစ်ခဲ့ကြောင်း စစ်အစိုးရ တင်သွင်းခဲ့သည့် CEDAW အစီ အရင်ခံစာများက ဖော်ပြနေပေသည်။

စစ်အစိုးရခေတ် ၂၀၀၇ ခုနှစ်၊ CEDAW အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း အမျိုးသမီးများသည် မွေးဖွားလာစဉ်ကတည်းက အခွင့်အရေး အပြည့်အ ဝ ပိုင်ဆိုင်ထားပြီး ဖြစ်သည်ဟု ဖော်ပြခဲ့ဖူးသည်။ စစ်အစိုးရ၏ လွဲမှားစွာ ကောက်ချက်ဆွဲမှုများကြောင့် ရခိုင်ပြည် အပါအဝင် မြန်မာတနိုင်ငံလုံးသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ကို နားလည် သဘော ပေါက်ခြင်း မရှိဟု သုံးသပ် မိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် တွင် အခြေခံ ဥပဒေကို အတည်ပြု ပြီးနောက် ဒီမိုကရေစီစနစ်ဖြင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကိုကျင်းပပြီး သမ္မတ ဦး သိန်းစိန်အစိုးရ စတင်ခဲ့သည်။ သမ္မတဦးသိန်းစိန် အစိုးရလက် ထက်တွင် လည်း တချို့သော လွှတ်တော် နေရာများ၊ အစိုးရ နေရာများတွင် အမျိုးသမီး အနည်းအကျဉ်းမျှသာ ပေါ်ပေါက်ခဲ့ပြီး ကျား-မ တန်းတူရေးနှင့် အမျိုးသမီး အခွင့်အရေးများကို အောက်ခြေအထိ သက်ရောက်နိုင်သည့် ထင်ရှားသော ပြောင်းလဲမှုမရှိခဲ့ပေ။

သမ္မတဦးသိန်းစိန် လက်ထက် ၂၀၁၂ ခုနှစ် တွင် ရခိုင်ပြည်၏ လူ့အဖွဲ့အစည်း အတွင်းတွင် ကိုးကွယ်မှုဘာသာ မတူညီခြင်းကိုအကြောင်းပြု၍ လူအဖွဲ့ အစည်းအတွင်း ပဋိပက္ခများကို တွေ့ကြုံဖြတ်သန်းခဲ့သော ပြည်နယ်ဖြစ်ခဲ့ သည်။ နယ်မြေချင်း ထိစပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘာသာမတူ သူများ အခြားနိုင်ငံသားများ တစိမ့်စိမ့်ပျံ့နှံ့ ဝင်ရောက်လာကာ ရခိုင်ပြည်ကို လွှမ်းမိုးသွားပြီး မိမိတို့ကိုးကွယ်ရာဘာသာနှင့် လူမျိုးဖြစ်တည်မှုများ ပျောက် ကွယ် ကြီးစိုးသွားလိမ့်မည် ဟူသော အကြောက်တရားကြီးစိုးခဲ့ရာ နေရာ တခုဖြစ်ခဲ့သည်။ ထိုသို့သော နောက်ခံအခြေအနေများကြောင့် ရခိုင်ပြည်ရှိ နိုင်ငံရေး သမားတို့သည် လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုလျော့ကျရေး

အစရှိသော နိုင်ငံတကာ စံနှုန်းများကို လက်ခံရန် အဆင်သင့်မဖြစ်ခဲ့ပေ။ တရားဥပဒေ စိုးမိုးမှုမရှိခြင်း၊ အစိုးရယန္တရား များအတွင်း အကျင့်ပျက်ခြစား ခြင်း တို့ကြောင့် ဖြစ်ပေါ်ခဲ့သော ပြဿနာများအား လူ့အခွင့်အရေး အယူ အဆကြောင့် ဖြစ်ရသောပြဿနာဟု ထင်မှတ်မှားစေသည့် လှုံ့ဆော်မှုများ သည် ရခိုင်ပြည်တွင် သာမက မြန်မာ တစ်နိုင်ငံလုံးပျံ့နှံ့ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီ အနိုင်ရရှိခဲ့ပါသည်။ NLD အစိုးရ လက်ထက်တွင် အမျိုးသမီးများ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အမျိုး သမီးအစိုးရအဖွဲ့ဝင်များ ပါဝင်မှု ယခင်ကထက် ပါဝင်ခဲ့သည်။ သို့သော်လည်း NLD အစိုးရသည်ပင်လျှင် CEDAW ၏ အဓိပ္ပါယ်ကို ကောင်းစွာနားလည် မှု မရှိခဲ့ကြောင်း ၂၀၁၉ ခုနှစ်တွင် (၇၂) ကြိမ်မြောက် CEDAW ညီလာခံ၌ ပေးပို့ ခဲ့သော အစီရင်စာက သက်သေပြခဲ့သည်။ ထိုအစီရင်ခံစာတွင် မြန်မာ နိုင်ငံ တွင်း မွတ်ဆလင်အမျိုးသမီးများ အကြမ်းဖက်ခံရမှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတကာ၏ စွဲချက်များကို ယခင်ခေတ်အဆက်ဆက် အစိုးရ များကဲ့သို့ပင် လက်မခံဘဲ ငြင်းဆိုခဲ့သည်။

ရခိုင်ပြည်၏ လက်တွေ့မြေပြင် အခြေအနေတွင် အစိုးရစစ်တပ်နှင့် ARSA တပ်ဖွဲ့များ အကြား ဖြစ်ပွါးသော တိုက်ပွဲများကို အကြောင်းပြု၍ အမျိုးသမီး များအပေါ် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုနည်းတူစွာပင် အစိုးရ စစ်တပ်နှင့် ULA/AA အကြား ဖြစ်ပွါးခဲ့သော စစ်မက်များတွင်လည်း တိုက်ပွဲ များကို အကြောင်းပြု၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြစ်ပွါးခဲ့ ပါသည်။

ရခိုင်ပြည် အပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံရေး အခန်းကဏ္ဍ၌ အမျိုးသမီး ပါဝင်မှု အားနည်းနေခြင်းကို လူ့အဖွဲ့အစည်းမှ သတိထားမိကြောင်း တွေ့ဆုံ မေးမြန်းမှုများက ဖော်ပြနေပေသည်။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်မှု အားနည်းခြင်းကြောင့် ပြည်သူလူထုအကြား အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံရေး ပပျောက်စေရန် အသိပညာပေးမှုများ နောက် ကျခဲ့ရသည်ဟု သုံးသပ်ပါသည်။ အစိုးရများ အနေဖြင့်လည်း အမျိုးသမီး


အခွင့်အရေးများနှင့်ပတ်သက်၍ ပညာပေးခြင်း အခန်းကဏ္ဍတွင်လည်းကောင်း၊ ဥပဒေအရ ကာကွယ်ပေးခြင်း အခန်းကဏ္ဍတွင်လည်းကောင်း ကျေနပ်လောက်စရာမရှိခဲ့ပေ။ ဥပမာ– အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း ကို ရေးဆွဲရာတွင် (၅)နှစ်ခန့် အထိ အချိန်ကြာမြင့်နေခြင်းသည် အမျိုးသမီးအခွင့်အရေးကို နိုင်ငံရေးသမားများ၊ အစိုးရများ၊ ဥပဒေပြု မဏ္ဍိုင်များက ကောင်းစွာနားမလည်ကြောင်း ဖော်ပြနေပေသည်။

၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဥပဒေပြုမဏ္ဍိုင်များ ရပ်ဆိုင်းသွားခဲ့ပြီး မြန်မာနိုင်ငံတစ်ဝှမ်း အကြမ်းဖက်မှုပေါင်းများစွာ ကြုံတွေ့နေရသည်။ ထိုသို့သော အခြေအနေများတွင် ရခိုင်ပြည်တွင် အာဏာသိမ်းစစ် ကောင်စီ၏ အုပ်ချုပ်မှုယန္တရား အပြင် ULA/AA ဦးဆောင်သော ရက္ခိုင့်ပြည်သူအစိုးရ အုပ်ချုပ်မှုတရပ် ပေါ်ပေါက်လာခဲ့ပြီး အုပ်ချုပ်မှု လွန်ဆွဲမှုကြားတွင် အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်သော လှုပ်ရှားမှုများ ရပ်တန့်သွားရပါသည်။


ဤကဲ့သို့သော အခြေအနေများကြောင့် အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်သော အသိပညာပေးလုပ်ငန်းစဉ်များကို လူမှုအသင်းအဖွဲ့များ ဆောင်ရွက်နိုင်ရန်၊ သက်ဆိုင်ရာ အစိုးရ အသီးသီးကလည်း ကျား–မတန်းတူရေး နှင့် အမျိုးသမီး အခွင့်အရေးကို ပိုမို အလေးထားတတ်စေရန်၊ အားနည်းချက်များကို ရှာဖွေဆန်းစစ်သော သုတေသန လုပ်ငန်း စဉ်များ ကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီများစွာ လိုအပ်နေကြောင်း သုံးသပ်အပ်ပေသည်။

### ၆.၁.၃။ နိုင်ငံရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခြင်းများမှ တွေ့ရှိချက်များ


"နိုင်ငံရေးလှုပ်ရှားမှုများတွင် အမျိုးသမီးပါဝင်မှု အားနည်းနေသည်ဟု ယူဆပါသလား" ဟု စစ်တမ်းပြုလုပ်ရာတွင် ဖြေဆိုသူ (၈၅.၄%) က အားနည်းသည် ဟုယူဆကြောင်းဖြေဆိုခဲ့ပါသည်။





နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှု အားနည်းရသည့်အကြောင်း အရင်းကို စစ်တမ်းမေးမြန်းရာတွင် နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်မှုအား နည်းနေခြင်းကြောင့်ဖြစ်သည် ဟုဖြေဆိုသူ (၆၂.၂%)က ဖြေဆိုခဲ့ပါသည်။ လွှတ်တော်နေရာများတွင် ပါဝင်မှုကို ရာခိုင်နှုန်း အတိအကျ သတ်မှတ်ပေး ရန်လိုအပ်နေသောကြောင့် နိုင်ငံရေးတွင် အမျိုးသမီးပါဝင်မှု အားနည်းရ သည်ဟု ဖြေဆိုသူ (၁၇.၁%) ကဖြေဆိုခဲ့သည်။ ထို့အပြင် အစိုးရနေရာများ တွင် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းကို အတိအကျသတ် မှတ်ထားရန် လိုအပ် သောကြောင့် အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်မှု အားနည်းရကြောင်း ဖြေကြားသည်။




ဥပဒေပြု လွှတ်တော်အသီးသီးတွင် အမျိုးသမီးပါဝင်မှုအားကောင်းလာစေရန် ဥပဒေသီးသန့်ပြ ဋ္ဌာန်းပေးရန်လိုအပ်ကြောင်း ဖြေဆိုသူအများစုက ဖြေဆို ခဲ့ကြပါသည်။





အစိုးရနေရာများတွင်လည်း အမျိုးသမီးပါဝင်မှုအားကောင်းစေရန် ဥပဒေ သီးသန့် ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း အများစုက ဖြေဆိုခဲ့ကြသည်။




လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာဖြေရှင်းရေး လုပ်ငန်းစဉ်များ၌ အမျိုးသမီးများပါဝင်မှု အားနည်းနေသည် ဟု ယူဆကြောင်း ဖြေဆိုသူ အများစုက ဖြေဆိုခဲ့ကြပါသည်။





လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာဖြေရှင်းရေးလုပ်ငန်းစဉ်များ၌ အမျိုး သမီးများ ပါဝင်မှုအားနည်းရသည့် အကြောင်းအရင်းမှာ ရခိုင်ပြည်ရှိ အမျိုးသမီးများသည် လူ့အခွင့်ချိုးဖောက်မှုဆိုင်ရာ ဖြေရှင်းရေးလုပ်ငန်းစဉ်များကို နားမလည်သောကြောင့် အမျိုးသမီးပါဝင်မှု အားနည်းရသည်ဟု ဖြေဆိုသူ (၅၈.၂%) ဖြေဆိုကြသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ဖြေရှင်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများကို ပါဝင်ခွင့် မပေးသောကြောင့်ဟု ဖြေဆိုသူ (၄၁.၈%) ကဖြေဆိုခဲ့ကြပါသည်။




လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ဖြေရှင်းရေးလုပ်ငန်းစဉ်များ၌ အမျိုးသမီးပါဝင်မှုအားကောင်းလာစေရန် အမျိုးသမီးများကိုရည်ရွယ်၍ နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ပိုမိုတိုးပွါးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေနှင့် တရားစီရင်ရေး အသိပညာများ တိုးပွါး


အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေး အသိပညာများ တိုးပွါးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စစ်တမ်း ဖြေဆို သူများက မှတ်ချက်ပြုခဲ့ကြပါသည်။

စစ်ဘေးရှောင်များ နေရာချထားရေးနှင့် နေရပ်ပြန်ရေးကိစ္စများကို ဆောင် ရွက်ရာတွင် အမျိုးသမီးများကို ဦးဆောင်သူ အခန်းကဏ္ဍများ၌ နေရာ မပေး ကြကြောင်း ဖြေဆိုသူ (၆၅.၉%) က ဖြေဆိုခဲ့ကြပြီး၊ ဖြေဆိုသူ (၃၄.၁%) ကမူ အမျိုးသမီးများသည် စစ်ဘေးရှောင်ကိစ္စရပ်များကို စိတ်ဝင်စား မှုမရှိကြောင်း ဖြေဆိုကြသည်။




စစ်ဘေးရှောင်ကိစ္စရပ်များကို ဖြေရှင်းခြင်းကိစ္စရပ်များ၌ အမျိုးသမီးများ ပါဝင်မှုအားကောင်းလာစေရန် စစ်မက်ဖြစ်ပွါးစေသော နိုင်ငံရေးပြဿနာ ရပ် များကို ရှာဖွေနိုင်သည့် အသိပညာများ ပိုမိုတိုးပွါးလာအောင် ဆောင်ရွက် ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာနှင့် ဆက်စပ်သော နိုင်ငံရေးပညာများ ပိုမိုတိုး ပွါးလာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖြေဆိုသူများက မှတ်ချက်ပြု ကြသည်။


ငြိမ်းချမ်းရေး တည်ဆောက်မှုများတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းနေ သည်ဟု ယူဆကြောင်း စစ်တမ်းဖြေဆိုသူ အများစု က ဖြေဆိုခဲ့ ကြပါသည်။




ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင် အမျိုးသမီးများပါဝင်မှုအားနည်းနေရခြင်းမှာ စစ်ဖက်ဆိုင်ရာ ခေါင်းဆောင်များသည် အမျိုးသမီးများ မဟုတ်သောကြောင့်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည် ဆောက်မှု လုပ်ငန်းစဉ်များ၌ အမျိုးသမီးများကို နေရာမပေးလိုကြကြောင်းနှင့် ရှေးဆန်သော အယူအဆအစွဲများကြောင့်ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူများက မှတ်ချက်ပြု ဖြေ ကြားခဲ့ကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များ၌ အမျိုးသမီးများ ပါဝင်မှုအားကောင်းလာစေရန်အတွက် အဆုံးအဖြတ်ပေးနိုင်သော ခေါင်းဆောင် နေရာများတွင် အမျိုးသမီးများကို ခန့်အပ်ပေးရန် လိုအပ်ကြောင်းနှင့် အမျိုးသမီးများ၏ နိုင်ငံရေးစွမ်းဆောင်ရည်အား အသိအမှတ်ပြုရန် လိုအပ်ကြောင်း မှတ်ချက်ပြုကြသည်။

"အမျိုးသမီးများ၏ ပင်ကိုယ်သဘောအရ စစ်မက်ဖြစ်ပွါးမှုကို အမျိုးသားများ ကဲ့သို့ လိုလိုလားလား မရှိသည်ကို တွေ့ရသည့်အတွက် နိုင်ငံရေးတွင် အမျိုး သမီးများ ဦးဆောင်ပါက ငြိမ်းချမ်းရေး ဖြစ်စဉ်များ ပိုမိုအောင်မြင် မည်ဟု ထင်ပါသလား" စစ်တမ်းမေးခွန်း ကောက်ခံကြည့်ရာ အများစုက "ထင်ပါသည်" ဟုဖြေဆိုခဲ့သည်။




### ၆.၁.၄။ နိုင်ငံရေးနှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေး ကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူခြင်းများမှ တွေ့ရှိချက်များ အပေါ်သုံး သပ်ချက်

စစ်တမ်းရလာဒ်များအရ ရခိုင်ပြည်မှအမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု အားနည်းနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းလာစေရန်မှာ အစိုးရများ၏ ချမှတ်ဖော်ဆောင်သော မူဝါဒများနှင့် လူ့အဖွဲ့အစည်း တစ်ခုလုံး၏ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရန်လိုအပ်ကြောင်းသုံးသပ်ပေသည်။ လက်ရှိ ရခိုင်ပြည်အပါအဝင် မြန်မာတနိုင်ငံလုံးသည် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွါးလျှက်ရှိသည့်အတွက် အမျိုးသမီးများအပေါ်ခွဲခြား ဆက်ဆံမှုဖြစ် စေသည့် ဖြစ်ရပ်များ စိုးရိမ်စရာအခြေအနေကို ရောက်ရှိနေပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံခြင်းဆိုင်ရာ အသိပညာရပ်များ ပြန့်ပွါးရေး လုပ်ငန်းစဉ်များမှာ အစိုးရများကို အားထားရန် ခက်ခဲနေသည့်အတွက် နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော လူမှုအသင်းအဖွဲ့များကသာ အဓိက လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီများ လိုအပ်နေကြောင်းသုံးသပ် အပ်ပေသည်။

## ၆.၂။ လူမှုရေးနှင့် ကျား–မ တန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ

### ၆.၂.၁။ လူမှုရေးနှင့် ကျား–မ တန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် စစ်တမ်းရလာဒ်များမှ တွေ့ရှိ ချက်များ

(၁) အိမ်တွင်းအကြမ်းဖက်မှု


ရခိုင်ပြည်၏ လူ့အဖွဲ့အစည်းသည် အိမ်တွင်းအကြမ်းဖက်မှုအား အဓိပ္ပါယ် ဖွင့်ဆိုရာ၌ မိသားစုတစ်ခုနေထိုင်ရာ နေအိမ်အတွင်း အိမ်ထောင်ဖက် တဦး ဦးမှ ရန်လိုကြမ်းတမ်းသော ပြုမူဆက်ဆံမှုဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုကြ သည်။ ရခိုင်ပြည်လူ့အဖွဲ့အစည်း၏ နေအိမ်ဆိုသည်မှာ မိသားစုဝင်တခု တည်း နေထိုင်ကြသည် မဟုတ်ဘဲ ဆွေမျိုးများ စုပေါင်းနေထိုင်ကြသည်များ လည်း အများစုရှိကြသည့်အတွက် အိမ်တွင်းအကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့် ဆိုရာတွင် နေအိမ်အတွင်း အိမ်ထောင်ဖက်မဟုတ်သော မိသားစုဝင် တဦးဦး မှ ရန်လိုကြမ်းတမ်းသောပြုမူ ဆက်ဆံမှု ကိုလည်း အိမ်တွင်းအကြမ်းဖက်မှု အဓိပ္ပါယ်ဖွင့်ဆိုကြသည်ကို တွေ့ရှိရသည်။

ရန်လိုကြမ်းတမ်းသော အပြုအမူကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်း ဆဲရေး တိုင်းထွာခြင်း၊ ကိုယ်ထိလက်ရောက်သတ်ပုတ်ခြင်း၊ ကြောက်လန့်စေရန် အ လို့ငှာ အိမ်တွင်းရှိပစ္စည်းများအား ရိုက်ခွဲဖျက်ဆီးခြင်း၊ တင်းမာသော ဆက်ဆံ ရေး တို့ကို ရန်လိုကြမ်းတမ်းသော အပြုအမူဟု အဓိပ္ပါယ်ဖွင့် ဆိုကြောင်းတွေ့ ရှိရသည်။

ရခိုင်ပြည်၏ လူ့အဖွဲ့အစည်း အတွင်းတွင် အိမ်တွင်း အကြမ်းဖက်မှု အတိုင်း အတာမည်မျှရှိသည်ကို ကောက်ယူရာတွင် အိမ်တွင်းအကြမ်းဖက်မှုများ အသင့်အတင့်ရှိသည်ဟု ဖြေဆိုသူ (၃၉%) ရှိပြီး၊ အများအပြားရှိသည်ဟု ဖြေ ဆိုသူ (၂၀.၇%)၊ အနည်းငယ်ရှိသည်ဟုဖြေဆိုသူ (၂၂%) ရရှိပါသည်။ စစ်တမ်း ဖြေဆိုသူ၏ နေထိုင်ရာ ပတ်ဝန်းကျင်၌ အိမ်တွင်း အကြမ်းဖက်မှု မရှိဟု ဖြေ ဆိုသူ ရာခိုင်နှုန်းမှာ (၁၈.၃%) ရရှိပါသည်။

သင့်ပတ်ဝန်းကျင်တွင် အိမ်တွင်း အကြမ်းဖက်မှုများ


82 responses




အိမ်တွင်းအကြမ်းဖက်မှုကို ခံစားကြရသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း တွေ့ရှိရသည်။

အိမ်တွင်းအကြမ်းဖက်မှုကို ခံစားရသူ အများစုမှာ-


82 responses



အိမ်တွင်းအကြမ်းဖက်မှုများကို ဖြစ်ပွါးစေသည့် အကြောင်းအရင်းများမှာ အရက်သေစာ သောက်သုံးမှုကြောင့် ဖြစ်ရသည်ဟု အများဆုံးက သဘောတူကြသည်။ စားဝတ်နေရေးခက်ခဲမှုကြောင့် ဖြစ်ရသည်ဟု ဒုတိယအများဆုံး ဖြေဆိုကြပါသည်။ လူမှုရေးကျင့်ဝတ် ဖောက်ပြားမှုကြောင့် ဖြစ်ရသည်ဟု ဖြေဆိုမှုများလည်းပါဝင်သည်။ ဥစ္စာဓန လောဘကြောင့် ဖြစ်ရသည်ဟု ဖြေဆိုမှုများလည်း ပါဝင်ပြီး မူးယစ်ဆေးဝါးကြောင့် ဖြစ်ရသည် ဆိုသော ဖြေဆိုမှုမှာ အနည်းဆုံးဖြေဆိုမှုဖြစ်ပါသည်။

အိမ်တွင်း အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။ စစ်တမ်း၏ ရလာဒ်အရ အိမ်တွင်းအကြမ်းဖက်မှု ပပျောက်ရေးအတွက် တရားဥပဒေ စိုးမိုးမှုနှင့် မျှတသော တရားစီရင်ရေး ရှိရမည်ဟု အများဆုံးအကြံပြုသည်ကို တွေ့ရှိရပါသည်။ ကျင့်ဝတ်များကို တာဝန်ယူနိုင်စွမ်းမြင့်မားစေသည့် ပညာရေးစနစ်လိုအပ်သည်ဟု ဒုတိယအများဆုံး အကြံပြုကြသည် ကို တွေ့ရှိရသည်။

အိမ်တွင်းအကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဆိုးကျိုးများကို လေ့လာဆန်းစစ်ရာတွင် လင်မယားကွာရှင်းခြင်း အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ အိမ်ထောင်ပြုကွဲ မည်စိုးရိမ်မှုကြောင့် ကျူးလွန်သူ ကို အပြစ်မှ ကင်းလွတ်ခွင့်ပေးရခြင်း က လည်း ဒုတိယအများ ဆုံးဖြစ်ကြောင်း စစ်တမ်းရလာဒ်များအရ တွေ့ရှိရသည်။ ကိုယ်ဝန်ဖျက်ချခြင်း၊ အသက်သေဆုံးခြင်းများလည်းရှိကြောင်း တွေ့ရှိရသည်။
အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူများအား တရားဥပဒေအရ ပြစ်ဒဏ် ကျခံစေခြင်းမျိုး အတိုင်း အတာ မည်မျှရှိသည်ကို ဆန်းစစ်ကြည့်ရာတွင် ပြစ်ဒဏ်ကျခံရခြင်း မရှိပါဟု ဖြေဆိုသူ အများစုဖြစ်ပြီး၊ အနည်းငယ် သာရှိ သည်ဟု ဖြေဆိုသူ ဒုတိယအများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။





## (၂) အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာ စစ်တမ်းရလာဒ်များ၏ တွေ့ရှိချက်များ အပေါ်သုံးသပ်ချက်


ရခိုင်ပြည်တွင်း အိမ်တွင်း အကြမ်းဖက်မှုများကို လူ့အဖွဲ့အစည်းအတွင်း တွေ့ရှိနေရပြီး၊ အိမ်တွင်းအကြမ်းဖက်မှုများကို ဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ အရက်သေစာသောက်စားမှုနှင့် စားဝတ်နေရေးမပြေလည်မှုတို့ကြောင့် ဖြစ်ရသည်ဟု သုံးသပ်မိပါသည်။ ဖြစ်ပေါ်လာသော အိမ်တွင်းအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမှာ မရှိသလောက် နည်းပါးကြောင်း တွေ့ရှိရသည့်အတွက် တရားဥပဒေစိုးမိုးမှု အခန်းကဏ္ဍမှာ အလွန်အားနည်းကြောင်း သုံးသပ်သည်။

## (၃) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု

ရခိုင်ပြည် လူ့အဖွဲ့အစည်းတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုဟူသည့် အဓိပ္ပါယ်ကို ရာထူး၊ ဥစ္စာခနေ၊ အရှိန်အဝါ တို့ကို အသုံးချ၍ ကာမရယူခြင်းဖြစ်ကြောင်း၊ သွေးဆောင်ဖျားယောင်းမှုဖြင့် ကာမရယူဖြစ်ကြောင်း၊ ထုံးတမ်းစဉ်လာအရ ကြီးမြတ်သည်ဟု သတ်မှတ်ခံထားရသော ပုဂ္ဂိုလ်များက ကာမရယူခြင်းဖြစ်သည်ဟု အဓိပ္ပါယ် သတ်မှတ်ကြောင်း တွေ့ရှိရသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသော အမျိုးသမီးများသည် မလွှဲသာ၊ မရှောင်သာ အနေအထားများကြောင့် အမြတ်ထုတ်ခံရခြင်း ဖြစ်ကြောင်း စစ်တမ်းရလာဒ်များ ကဖော်ပြသည်။





ရခိုင်ပြည်လူ့အဖွဲ့အစည်းအတွင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ ရှိနေရခြင်းမှာ အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သည့် လူမှုအသင်းအဖွဲ့များ မရှိခြင်းကြောင့် ဖြစ်ရကြောင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် ဖြစ်ရကြောင်း စစ်တမ်းရလာဒ်အရတွေ့ရှိရသည်။ ရခိုင်ပြည်ရှိ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရပါက တိုင်ကြားပြောဆိုခြင်းမရှိဘဲ မျိုသိပ်ထားတတ်ကြသည်။ ထိုကဲ့သို့မျိုသိပ် ထားရခြင်းမှာ လိင်ပိုင်းဆိုင်ရာကိစ္စများနှင့် ပတ်သက်သောကိစ္စများတွင် အမျိုးသမီးများ၏ လော်လီဖောက်ပြားသော စိတ်ကြောင့် ဖြစ်ရသည်ဟု အပြစ်တင်တတ်သော အလေ့အထများကြောင့် ကျူးလွန်ခံရသော အမျိုးသမီးများသည် ရှက်ရွံ့သောစိတ်ဖြင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို ဖုံးဖိထားကြသည်။ ထို့ကြောင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ ဖြစ်ပေါ်နေရကြောင်း စစ်တမ်းရလာဒ် အရတွေ့ရှိရသည်။




လူ့အဖွဲ့အစည်းအတွင်းတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ပပျောက်ရန် အတွက် လူ့အဖွဲ့အစည်း တစ်ခုလုံးက ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စစ်တမ်းရလာဒ်အရတွေ့ရှိရသည်။ အစိုးရနှင့် လူမှုအသင်းအဖွဲ့ များကလည်း ဆောင်ရွက်ပေး ရန်လိုအပ်ကြောင်းတွေ့ရှိရသည်။

*(အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် အသုံးချမှုများ ပပျောက် အောင် မည်သူတို့က ဆောင်ရွက်ရမည်နည်း။)*



## (၄) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများနှင့်ပတ်သက်သော စစ်တမ်းတွေ့ရှိချက်များအပေါ် သုံးသပ်ချက်။

ရခိုင်ပြည်ရှိ အမျိုးသမီးအများစုသည် ဓလေ့ထုံးစံအရ လိင်ကိစ္စများကို လျှို့ဝှက်တတ်ကြပေသည်။ လူမှုရေးဆိုင်ရာကျင့်ဝတ်များအရ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ လိင်ပိုင်းဆိုင်ရာ ကိစ္စများကို နားလည်ပေးခြင်းမခံရပေ။ အမျိုးသားတစ်ဦးသည် အမျိုးသမီးများစွာနှင့် လိင်ဆက်ဆံခြင်းကို "ယောကျ်ားကောင်း မောင်းမတထောင်" ဟူသော ရှေးဆိုရိုးအစွဲအတိုင်း နားလည်မှုပေးကြသော်လည်း၊ အမျိုးသမီးများတဦးသည် အမျိုးသားတဦးနှင့် လွတ်လပ်စွာ သွားလာနေထိုင်ခြင်းကိုပင်လျှင် လျှပ်ပေါ် လော်လီသော အမျိုးသမီးအဖြစ် အပြစ်တင်တတ်ကြသည်။ အမျိုးသမီးတဦးသည် အမျိုးသားတဦးနှင့် တရားဝင်လက်ထပ်ထားခြင်းမရှိဘဲ လိင်ကိစ္စကျူးလွန်မိလျှင် တဘဝလုံး အပြစ်တင်ခံရတတ်သည့် ရှေးရိုးစွဲများရှိသည်။ ထိုကဲ့သို့သော ရှေးရိုးစွဲအယူများကြောင့် အမျိုးသမီးများသည် လိင်မှုကိစ္စများကို ဖုံးဖိသိုသိပ်တတ်ကြပြီး လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်းများကို တိုင်ကြားဖော်ထုတ်ရန် အလွန်ဝန်လေးတတ်ကြပေသည်။ လူ့အဖွဲ့အစည်း၏ အယူအဆ လွဲမှားမှုသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို ဦးတည် စေသည်။ ကိုယ်ဝန်ဖျက်ချခြင်း၏ အဓိကအကြောင်းအရင်းမှာ လင်မရှိဘဲ သားသမီးမွေးဖွားခြင်းကို ပြင်းထန်စွာ ကဲ့ရဲ့အပြစ်တင်တတ်သည့် လူ့အဖွဲ့အစည်း၏ ရှေးရိုးစွဲများကြောင့် ဖြစ်ပေသည်။ အမျိုးသမီးများကို ကာကွယ်သည့် ဥပဒေများ မည်မျှပင်ရေးဆွဲ စေကာမူ၊ လိင်ကိစ္စများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အမျိုးသမီးများအပေါ် အပြစ်တင်သည့် အလေ့အထများရှိပါက အမျိုးသမီးများသည် ခွဲခြား ဆက်ဆံမှုကို မလွဲမသွေကြုံတွေ့ကြရမည်သာ ဖြစ်ကြောင်း သုံးသပ်အပ်ပေသည်။


## (၅) ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိက ပြဿနာများ

ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်သောနေရသော

အမျိုးသမီးများသည် အမိုးအကာလုံခြုံမှုမရှိသော အိမ်သာများကို အသုံးပြုရခြင်း၊ အမိုးအကာမရှိသော ရေချိုးရန်နေရာများတွင် ရေချိုးရခြင်းတို့ကို အဓိက ကြုံတွေ့နေရပေသည်။ နှုတ်အားဖြင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများလည်း ခံစားနေရကြောင်း စစ်တမ်းရလာဒ်များအရ တွေ့ရှိရပါသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများလည်း ရှိနေသည်။ ရိက္ခာ မျှဝေရာတွင်လည်း အမျိုးသားများလောက် ရပိုင်ခွင့်မရှိဟု စစ်တမ်းရလာဒ်က ဖော်ပြနေပေသည်။

ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် ရင်ဆိုင်နေရသော အဓိက ပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများ ပပျောက်သွားစေရန်အတွက် လူ့အခွင့်အရေးပြည့်ဝသော စစ်ဘေးရှောင် စခန်းများ ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတကာ အသိအမှတ်ပြုသော စစ်ဘေးရှောင်စခန်းများရှိရန် လိုအပ်ကြောင်း၊ လက်နက်ကိုင်ပဋိအက္ခများ အပြီးသတ်ချုပ်ငြိမ်းသွားရန် လိုအပ်ကြောင်း တွေ့ရှိရ သည်။


*(ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင် စခန်းများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိက ပြဿနာများနှင့် ခွဲခြားဆက်ဆံခံရမှုများ ပပျောက်အောင်မည်သို့ ဆောင် ရွက်ရမည်နည်း။)*



စစ်ဘေးရှောင်စခန်းများတွင် အမျိုးသမီးများကြုံတွေ့နေရသည့် ပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများအား ပပျောက်သွားစေရန် အဓိက ဆောင် ရွက်ပေးသင့်သူမှာ အစိုးရတွင်တာဝန်ရှိကြောင်း အများဆုံးဖြေဆိုသည်ကို တွေ့ရှိရသည်။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လူမှုအသင်းအဖွဲ့များ၏ အကူအညီများလည်း လိုအပ်ကြောင်း ဒုတိယအများဆုံး အကြံပြုသည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံရေးပါတီများ၊ လက်နက် ကိုင်အဖွဲ့အစည်း များတွင်လည်း တာဝန်ရှိကြောင်း ဖြေကြားထားသည်။

*(သင်၏ အဖြေကို တခုထက်မက ရွေးချယ်နိုင်သည်)*
*(ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင် စခန်းများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိက ပြဿနာများနှင့် ခွဲခြားဆက်ဆံခံရမှုများ ပပျောက်အောင် မည်သူတို့က ရွက်ရမည်နည်း။)*

82 responses



## (၆) ရခိုင်ပြည်တွင်းရှိ စစ်ဘေးရှောင်စခန်းများတွင် အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိကပြဿနာများ နှင့်ပတ်သက်၍ စစ်တမ်းရလာဒ် အပေါ် သုံးသပ်ချက်

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်၌ အစိုးရနှင့် ARSA အကြားဖြစ်ပွါးသော တိုက်ပွဲများကြောင့် လူပေါင်းများစွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နိုင်ငံတကာတွင် မြန်မာနိုင်ငံသည် လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်သော နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပြီး ICJ တွင် တရားရင်ဆိုင်နေရဆဲ နိုင်ငံဖြစ်သည်။ မြန်မာအစိုးရသည် များလှစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်။ ထိုနည်းတူစွာ ၂၀၁၈ ခုနှစ်မှစ၍ ဖြစ်ပွါးခဲ့သော မြန်မာအစိုးရ စစ်တပ်နှင့် ULA/AA အကြား တိုက်ပွဲများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပေသည်။ တိုက်ပွဲများကြောင့်နေရပ်စွန့်ခွာ ထွက်ပြေးကြရသူများစွာ ရှိခဲ့ရသည်။

မြန်မာအစိုးရ စစ်တပ်သည် တိုက်ပွဲများကို အကြောင်းပြု၍ အရပ်သားပြည်သူများကို ထိခိုက်စေမှုများကျူးလွန်ခဲ့သည်။ ရွာလုံးကျွတ်မီးရှို့ခြင်းများကို ကျူးလွန်ခဲ့သည်။ အရပ်သားပြည်သူတို့သည် နီးစပ်ရာ မြို့ရွာများသို့ ထွက်ပြေးခိုလှုံခဲ့ကြရပြီး စစ်ဘေးရှောင်စခန်းများကို ရပ်မိရပ်ဖများက ကိုယ်ထူကိုယ်ထ ထူထောင်ပေးကြရပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနများမှ တဆင့် ရခိုင်ပြည်နယ် အစိုးရထံသို့တင်ပြကြရသည်။ ရခိုင်ပြည်နယ် အစိုးရမှ အသိအမှတ်ပြုသော စစ်ဘေးရှောင်စခန်းများ ရှိသကဲ့သို့ အစိုးရမှ ခွင့်ပြုချက်မရဘဲ ရပ်တည်ရသော စစ်ဘေးရှောင်စခန်းများစွာ ရှိနေခဲ့ရပါသည်။စစ်ဘေးရှောင်များသည် စားဝတ်နေရေးကြပ်တည်းလာရသည့်အပြင် နေရပ်ပြန်ခွင့်မရဘဲ ပိတ်မိနေကြရသည်။ နေရာထိုင်ခင်းများမှာလည်း ဟောင်းနွမ်းပျက်စီးလာပြီဖြစ်သဖြင့် တချို့တတ်နိုင်သူများမှာ စစ်ဘေးရှောင်စခန်းများကို စွန့်ခွာသွားကြရသည်။ စစ်ဘေးရှောင်စခန်းတွင် ကျန်ရစ်ခဲ့ရသူများမှာ စခန်းမှ ခိုးထွက်၍ ရှာဖွေစားသောက်မှုများ ပြုလုပ်ကြရသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ်တွင် မြန်မာအစိုးရစစ်တပ်နှင့် ULA/AA တို့ တိုက်ပွဲများ ဖြစ်ပွါးခဲ့ကြသည်။ ထိုတိုက်ပွဲများတွင်

လည်း မြန်မာအစိုးရစစ်တပ်သည် အရပ်သားများကို ထိခိုက်စေမှုများစွာ ကျူးလွန်ခဲ့သည်။ စစ်ဘေးရှောင်စခန်းများသို့ ခိုလှုံကြရသူများ ရှိသကဲ့သို့ ဘေးလွတ်ရာ ကိုရှောင်ပြေးရခြင်းများစွာ ရှိခဲ့ကြပါသည်။


ဤကဲ့သို့ ပြင်းထန်ဆိုးရွားလှသော နိုင်ငံရေးအခြေအနေအောက်တွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကျား–မတန်းတူရေးဆိုသည်မှာ အလွန်နိမ့်ကျသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့် လူ့အခွင့်အရေးကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရာတွင် မြန်မာအစိုးရကို အားကိုးရန် မဖြစ်နိုင်တော့သည့်အတွက် နိုင်ငံတကကာ၏ အကူအညီများသာ အဓိကလိုအပ်ကြောင်း သုံးသပ်လိုက်ရပေသည်။

## (၇) ရခိုင်ပြည်တွင်း မသန်စွမ်း အမျိုးသမီးများ (ခြားနားစွမ်းဆောင်နိုင်သူ အမျိုးသမီး) ကြုံတွေ့ရသည့် ပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများ

မသန်စွမ်းအမျိုးသမီးများ (ခြားနားစွမ်းဆောင်နိုင်သူအမျိုးသမီး) ကြုံတွေ့ရသည့် ပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများကို သိရှိနိုင်ရန် စစ်တမ်းကောက်ယူခဲ့ရာ အဓိကပြဿနာမှာ စွမ်းဆောင်ရည်ပိုမို မြင့်မားစေမည့် အထူးသီးသန့် ပညာရေးမျိုး လုံးဝ မရှိခြင်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။ လူမှုရေးအရခွဲခြားဆက်ဆံမှုများလည်းရှိကြောင်း စစ်တမ်းရလာဒ်များအရ တွေ့ရှိရသည်။

*(ရခိုင်ပြည်တွင်းရှိ မသန်စွမ်းအမျိုးသမီးများ(ခြားနားစွမ်းဆောင်နိုင်သူ အမျိုးသမီး များ) ရင်ဆိုင်နေရသော အဓိက ပြဿနာများနှင့် ခွဲခြားဆက်ဆံခံရမှုများကား အဘယ်နည်း။)*




မသန်စွမ်း အမျိုးသမီးများ (ခြားနားစွမ်းဆောင်နိုင်သူ အမျိုးသမီး) များ အတွက် စွမ်းဆောင်ရည် ပိုမိုမြင့်မားစေမည့် အထူးသီးသန့်ပညာရေး ရရှိရန် အစိုးရက မူဝါဒချမှတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီများစွာလိုအပ်ကြောင်း စစ်တမ်းရလာဒ် များအရ တွေ့ရှိရသည်။

### (ဂ) ရခိုင်ပြည်တွင်း ဌာနေတိုင်းရင်းသား မျိုးနွယ်စု အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိကပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများ

ရခိုင်ပြည်တွင် ဌာနေတိုင်းရင်းသားမျိုးနွယ်စု အမျိုးသမီးများ ရင်ဆိုင်နေရသော အဓိကပြဿနာများနှင့် ခွဲခြားဆက်ဆံမှုများအား စစ်တမ်းကောက်ယူ လေ့လာကြည့်ရာတွင် မတူကွဲပြားမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှု အများဆုံးခံကြရသည်ဟု တွေ့ရှိရပါသည်။ တန်းတူပညာသင်ကြားခွင့် ဆုံးရှုံး သည့် အခြေအနေများလည်းရှိကြောင်း တွေ့ရှိရသည်။

## (၉) ရခိုင်ပြည်တွင်း ဌာနေတိုင်းရင်းသား မျိုးနွယ်စုအမျိုးသမီးများ ရင်ဆိုင်နေရသော အဓိကပြဿနာများ၊ ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်၍ စစ်တမ်းရလာဒ်အပေါ် သုံးသပ်ချက်

ရခိုင်ပြည်တွင် ဌာနေတိုင်းရင်းသားများရှိကြပေသည်။ ၎င်းတို့အထဲတွင် မွတ်ဆလင်ဘာသာကို ကိုးကွယ်သူများ၊ ခရစ်ယာန်ဘာသာဝင်များလည်း ပါဝင်ပေသည်။ ဤကဲ့သို့ မတူကွဲပြားမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုများ ရှိနေသည်။ ရခိုင်ပြည်သည် အလုံးစုံနိမ့်ကျလျက်ရှိသည့်အတွက် လူနည်းစုဖြစ်ကြသည့် ဌာနေတိုင်းရင်းသားများအတွက် အဆင့်မြင့် ပညာရပ်များကို လက်လှမ်းမမှီနိုင်သည့် အခြေအနေများကို ကြုံတွေ့ကြရပေသည်။ ဌာနေတိုင်းရင်းသားမျိုးနွယ်စု အမျိုးသမီးများ၏ အခွင့်အရေးမှာလည်း အနိမ့်ပါးဆုံး အခြေအနေကို ရောက်ရှိနေကြောင်းသုံးသပ်အပ်ပေသည်။

## ၆.၃။ စီးပွါးရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ

### ၆.၃.၁။ စီးပွါးရေး နှင့် ကျား–မတန်းတူရေး အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များ

ရခိုင်ပြည်စီးပွါးရေး အခန်းကဏ္ဍတွင် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်သော လေ့လာဆန်းစစ်မှုကို ပြုလုပ်ရန်အတွက် အမျိုးသမီးဦးဆောင် စီးပွါးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ စီးပွါးရေးအခန်းကဏ္ဍတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ အနည်းအကျဉ်း ရှိနေကြောင်း ဖြေကြားပြောဆိုသည်။

အမျိုးသမီးများကိုယ်တိုင် ဦးဆောင်လုပ်ကိုင်နေသည့် စီးပွါးရေးလုပ်ငန်းများ တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမရှိကြောင်း ပြောဆိုသည်။ အမျိုး သမီးများသည် အမျိုးသားများနှင့်တန်းတူ ဖြစ်ကြောင်း၊ ခံယူချက်ကို အသိ အမှတ်ပြုရန်လိုအပ်ကြောင်း၊ အမျိုးသမီးများမှာလည်း နောက်ကျမကျန်ရစ် စေရန် အယူအဆဟောင်းများကို စွန့်လွှတ်ရန်လိုကြောင်း၊ စီးပွါးရေးလုပ် ငန်းများကို အမျိုးသားများနှင့်တန်းတူ ဦးဆောင်ကြရန် လိုအပ်ကြောင်း

ပြောဆိုသည်။ စီးပွါးရေးလုပ်ငန်းများတွင် လစာအရ အမျိုးသမီးများကို ခွဲခြား ဆက်ဆံမှုမျိုး မတွေ့ရကြောင်းဖြေကြား ပြောဆိုသည်။

လစာပမာဏ အနိမ့်အမြင့်မှာ ကျား– မ လိင်ကွဲပြားမှုအပေါ် မူတည်၍ သတ်မှတ်ကြခြင်းမဟုတ်ဘဲ၊ လုပ်ငန်းခွင့်ကျွမ်းကျင်မှုကို မူတည်၍ လစာအနည်းအများရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံအရ မသင့်လျော်သော လုပ်ငန်းခွင်များတွင် အမျိုးသားများကို ဦးစားပေးရခြင်းမျိုးများ ရှိကြောင်း၊ ဥပမာ– လုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသမီးများနှင့်သင့်လျော်ခြင်း မရှိသည့်အတွက် အမျိုးသားများကို အလုပ်ရွေးချယ် ခန့်အပ်ရကြောင်း၊ လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို အမျိုးသမီးများက အလုပ်ခန့်အပ်ထားသင့်ပါက ထားရမည် ဖြစ်ကြောင်း ပြောဆိုပါသည်။

အမျိုးသမီးများ၏ အလုပ်အကိုင်ရရှိမှုသည် အမျိုးသမီးများ သင်ယူခဲ့သည့် ပညာအရည်အချင်းများနှင့် များစွာသက်ဆိုင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အဆင့်မြင့် ပညာရပ်များကို သင်ကြားခွင့်တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရှိခဲ့ပေ။ ဥပမာ– မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးတခု ဖြစ်သည့် ဆေးတက္ကသိုလ် တက်ရောက်ခွင့်တွင် အမျိုသားများကို ဦးစားပေးထားသည်ကိုတွေ့ရှိရကြောင်း ထောက်ပြပြောဆိုသည်။

အမျိုးသမီးများ ဆေးတက္ကသိုလ်ဝင်ခွင့်ရရန် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမျိုးသားများထက် အမှတ်များစွာပိုမိုရရှိရန် ကန့်သတ်ထားခြင်းသည် ပညာရေးတွင်ခွဲခြားဆက်ဆံမှု ပင်ဖြစ်ကြောင်း၊ ပညာသင်ကြားခွင့်၌ အမျိုးသမီးများကို နှိမ့်ချထားခြင်းသည် အလုပ်အကိုင်ရရှိခွင့်ကိုများစွာ သက်ရောက်နိုင်ကြောင်း၊ လုပ်ငန်းခွင့် ဦးဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီး များ နေရာရရှိစေရန် အကန့်အသတ် ဖြစ်စေကြောင်း ထောက်ပြပြော ဆိုသည်။

အဆင့်မြင့်ပညာရပ်များတွင် အမျိုးသမီး ပါဝင်မှုကို ခွဲခြားဆက်ဆံမှုများသည် စီးပွါးရေး အပါအဝင်၊ နိုင်ငံရေး အစရှိသော အခန်းကဏ္ဍ အသီးသီး၌ အမျိုးသမီးပါဝင်မှုကို နောက်ကျစေသည့် အဓိက အကြောင်းအရင်း ဖြစ်ကြောင်း ထောက်ပြပြောဆိုသည်။

ကျား-မ တန်းတူရေးနှင့် အမျိုးသမီး အခွင့်အရေးများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အစိုးရများ၏ မူဝါဒများနှင့် အဓိကသက်ဆိုင်ကြောင်း၊ လူ့အဖွဲ့အစည်း တရပ်လုံးကလည်း အမျိုးသမီးများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုနိုင်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုသည်။

အမျိုးသမီးထု တစ်ရပ်လုံးအနေဖြင့်လည်း အိမ်ထောင်မှုကိစ္စများသာ မိမိတို့၏ ဓလေ့ထုံးစံအရ အလုပ်တခု အဖြစ်ခံယူချက်ကို ဖယ်ရှားကြရန် လိုအပ်ပြီး အတန်းပညာကို ရေးတတ်ဖတ်တတ်ရုံမျှ သင်ကြားလိုသည့် စိတ်ခံတက်ကို ဖယ်ရှားကာ ပညာရေးတွင် ပိုမိုသင်ယူနိုင်ရေးအတွက် အခွင့်အလမ်း ရှာဖွေကြရန် ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုသည်။

## ၆.၃.၂။ စီးပွါးရေးနှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေး ကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များအပေါ်သုံးသပ်ချက်


ရခိုင်ပြည်၏ စီးပွါးရေးအခန်းကဏ္ဍ၌ အမျိုးသမီးများ ပိုမိုဦးဆောင်နိုင်ရေးတွင် အဓိကအဖြစ် လူ့အဖွဲ့အစည်းအတွင်း၌ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုအသိအမှတ်ပြုရန် လိုအပ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများတွင် ခွဲခြားဆက်ဆံမှုများ မရှိစေရန် ကြိုးပမ်းရမည် ဖြစ်သကဲ့သို့ ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အလမ်းများကို ခွဲခြားဆက်ဆံမှုမရှိစေရန် လိုအပ်ပေသည်။ ဥပမာ- အမျိုးသမီးများ ရုပ်ရည်လှပမှုရှိမှ အလုပ်ခန့်မည် ဆိုသည့် အလုပ်အကိုင်ကြော်ငြာများသည် ခွဲခြားဆက်ဆံမှုကို ညွှန်ပြသည့်အတွက် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးအခွင့်အရေးကို အလေးထားသည့် အယူအဆများ ထွန်းကားရေး ပြုလုပ်ရန် အရေးတကြီး လိုအပ်ကြောင်း သုံးသပ်အပ်ပေသည်။

## ၆.၃.၃။ စီးပွါးရေးနှင့် ကျား-မတန်းတူရေး အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်၍ စစ်တမ်းရလာဒ်များမှ တွေ့ရှိချက်များ

ရခိုင့်လူ့အဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးများ အနေဖြင့် စီးပွါးရေး အရ

တန်းတူ အခွင့်အရေး ရှိ၊ မရှိ လေ့လာဆန်းစစ်ရာ၌ တန်းတူမရှိဟု (၃၀.၅%)၊ အနည်းငယ်ရှိဟု (၃၉%)၊ အသင့်အတင့်ရှိဟု (၁၈.၃%)၊ တန်းတူရှိဟု (၁၂.၂%) ဖြေဆိုကြသည်။


***ရခိုင်လူ့အဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးများအနေဖြင့် စီးပွါးရေးအရ အမျိုးသားများနှင့် တန်းတူ အခွင့်အရေး ရှိ၊ မရှိအခြေအနေ***




ရခိုင့်လူ့အဖွဲ့အစည်းအတွင်းတွင် စီးပွါးရေးကဏ္ဍ၌ အမျိုးသားများနှင့် တန်းတူမရှိရခြင်းအကြောင်းမှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ စွမ်းဆောင်ရည်မရှိဟု ယူဆခြင်းများကြောင့်ဖြစ်သည်ဟု အများဆုံးဖြေဆိုကြပြီး ထုံးတမ်းအစဉ်အလာအရ အမျိုးသမီးများ စီးပွါးရေးလုပ်စရာမလိုဟု ခံယူသောကြောင့် ဟုလည်း ဖြေဆိုကြသည်။

မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် စီးပွါးရေးကို တန်းတူလုပ်ကိုင်နေကြသည့် အမျိုးသမီးများမည်မျှ ရှိကြောင်း လေ့လာဆန်းစစ်ရာတွင် အနည်းငယ်သာ ရှိကြောင်း (၅၈.၅%)၊ အများအပြားရှိကြောင်း (၃၅.၄%)၊ မရှိဟု ဖြေဆိုသူ (၆.၁%) ရရှိပါသည်။

*(သင့်ပတ်ဝန်းကျင်တွင် စီးပွါးရေးကို အမျိုးသားများနှင့် တန်းတူ လုပ်ကိုင်နေသော အမျိုးသမီးများ ရှိပါသလား။ )*




## ၆.၃.၄။ စီးပွါးရေးနှင့် ကျား-မတန်းတူရေး အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းရလာဒ်များမှ တွေ့ရှိချက်များ အပေါ်သုံးသပ်ချက်

စစ်တမ်းရလာဒ်များအရ ရခိုင့်လူ့အဖွဲ့အစည်းအတွင်းတွင် စီးပွါးရေး၌ ကျား-မ တန်းတူမှု အနည်းငယ်သာရှိသည်ဟု သုံးသပ်ရပေသည်။ အမျိုးသမီးများ ဦးဆောင်နေကြရသော စီးပွါးရေးလုပ်ငန်းများ ဆိုသည်မှာလည်း အဆင့်မြင့်ကြီးမားသည့်စီးပွါးရေးလုပ်ငန်းများ မဟုတ်ကြဘဲ မိသားစုစားဝတ်နေရေးပြေလည်စေရန်အလို့ငှာ အသက်ရှင်ရပ်တည်ရေးအတွက် လုပ်ကိုင်နေကြရသည့် လုပ်ငန်းအများစု ဖြစ်ကြောင်းတွေ့ရပေသည်။ ရခိုင်ပြည်တွင် နိုင်ငံရေး မတည်ငြိမ်မှုများ၊ စစ်မက်ပဋိပက္ခများကြားတွင် အမျိုးသမီးများမှာ အသက်ရှင်ရပ်တည်ရေးအတွက် မဖြစ်မနေ စီးပွါးရေးလုပ်ငန်းငယ်များကိုသာ ဦးဆောင်နေရကြောင်း သုံးသပ်အပ်ပေသည်။

## ၆.၄။ ယဉ်ကျေးမှု နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ

### ၆.၄.၁။ ယဉ်ကျေးမှု နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များ


ရခိုင်ပြည်တွင် ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အဓိကခွဲခြားဆက်ဆံမှု အသွင်သဏ္ဍာန်မှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ စွမ်းဆောင်ရည်မရှိဟု အစွဲပင်ဖြစ်ကြောင်း ဖော်ပြသည်။ ခေတ်ပညာတတ်များ ရှိလာသော်လည်း အမျိုးသမီးများသည် အမျိုးသားများလောက် မိရိုးဖလာ အခန်းကဏ္ဍများတွင် ခွဲခြားဆက်ဆံမှုတချို့ ဆက်လက် တည်ရှိနေ ဆဲဖြစ်ကြောင်း တွေ့ရှိရသည်။ ရှေးရိုးစွဲ အတွေအခေါ်များဖြစ်ကြသည့် သားသမီးမွေးဖွားခြင်း ကိစ္စများတွင် သားကိုသာ အဓိကလိုချင်ကြသည့် အစွဲများမှာ ယနေ့တိုင် တည်ရှိဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

### ၆.၄.၂။ ယဉ်ကျေးမှုနှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍ နှင့် ပတ်သက်၍ စစ်တမ်းရလာဒ်များမှ တွေ့ရှိချက်များ

ရခိုင့်လူ့အဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးများ အနေဖြင့် ယဉ်ကျေးမှုအရ ခွဲခြားဆက်ဆံခံရမှုများကို လေ့လာရာတွင် ခွဲခြားဆက်ဆံမှုရှိကြောင်း အများဆုံး ဖြေဆိုသည်။

*(ရခိုင်လူ့အဖွဲ့အစည်းအတွင်းတွင် ယဉ်ကျေးမှုအရ ခွဲခြားဆက်ဆံခံရခြင်းများ ရှိသည်ဟု ယူဆပါသလား။)*

82 responses




### ၆.၄.၃။ ယဉ်ကျေးမှု နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် စစ်တမ်းရလာဒ်များမှ တွေ့ရှိချက်များ အပေါ်သုံးသပ်ချက်များ

ရခိုင်ပြည်တွင် တချို့သောယဉ်ကျေးမှုဆိုင်ရာ အယူအဆအစွဲများ ဆက်လက်တည်ရှိနေရခြင်းမှာ ခေတ်ပညာရပ်များသင်ယူခွင့်နှင့် လူအဖွဲ့အစည်းအတွင်း ကျား-မတန်းတူရေး ဆိုင်ရာ အသိပညာများ တိုးတက်ဖြစ်ထွန်းရေး အဓိက လိုအပ်နေကြောင်းသုံးသပ်အပ်ပေသည်။

## ၆.၅။ သဘာဝပတ်ဝန်းကျင်နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေးကဏ္ဍ

### ၆.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်

"မြေယာ၊ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား စီမံခန့်ခွဲရာတွင်

ရခိုင်လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူဆုံးဖြတ်ပိုင်ခွင့် ရှိ/မရှိဟု ယူဆပါသလား” ဟု လေ့လာကြည့်ရာတွင် “မရှိလို့ဘဲယူဆပါတယ်။ ဘာလို့လဲဆိုတော့ အခုလက်ရှိမှာလည်း ဓလေ့ ထုံးတမ်းတွေရဲ့ ကန့်သတ်မှုတွေက အများကြီးပါ။ ရခိုင်ပြည်နယ်မှာ ဆိုရင် အလုပ်လုပ်ဖို့ နေရာတွေအတွက်ဆိုရင် အမျိုးသမီးအများစုက ပညာမတတ် ကြတော့ သယံဇာတနဲ့ပါတ်သက်ပြီး ဆုံးဖြတ်ချက်ချဖို့၊ ပူးပေါင်းပါဝင်ဖို့ အ တွက် အများကြီးအားနည်းနေတယ်။ အားနည်းနေတဲ့ အတွက်ကြောင့် ပါဝင် ခွင့်တွေကလည်း မရှိသလောက် ရှားတယ်။ အဲ့ဒါကြောင့် ဆုံးဖြတ်ချက်ချဖို့ဆို တာက ပိုပြီးတော့ဝေးတယ်။ အဲ့ကြောင့်မို့လို့ ကျွန်မတို့က မရှိဘူးလို့ ပြောတာ ပါ။” ဟု သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လှုပ်ရှားဆောင်ရွက်နေ သည့် ဦးဆောင် အမျိုးသမီးတစ်ဦးကဝေဖန် သုံးသပ်သည်။

မြေယာ၊ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား စီမံခန့်ခွဲရာတွင် ရခိုင်လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူဆုံးဖြတ်ပိုင်ခွင့် ရှိရေးအတွက် “တန်းတူဆုံးဖြတ်ပိုင်ခွင့်ရှိဖို့ ဆိုရင် လုပ်ရမဲ့ ကဏ္ဍတွေက အများကြီးရှိတယ်။ လက်ရှိက လူထုထဲမှာပါဝင်တဲ့ အဆင့်လောက်ဘဲ ရှိသေးတယ်။ အကြံပေးတာတွေ သူတို့အနေနဲ့ မလုပ်နိုင် သေးဘူး။ အမျိုးသမီးတွေကို အသိပညာတွေ မြှင့်တင်ပေးဖို့ လိုအပ်တယ်။ ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာနှင့် တခြားအထွေအထွေ ဗဟုသုတ အစရှိသဖြင့် အကြိမ်ပေါင်းများစွာပေးဖို့လိုမယ်။ ပါဝင်လာအောင်လည်း စည်း ရုံးဖို့လိုမယ်။ အမျိုးသားတွေ ကလည်း လက်တွဲခေါ်ဖို့လည်း လိုမယ်။ နောက် တခုက (Short time) နဲ့မရဘူး။ (Long time) လုပ်မှရမဲ့ ကိစ္စပါ။” ဟု သူမ ဆက် ပြောသည်။

“အခုလက်ရှိမှာ အဖွဲ့စည်းတွေက ပိုပြီးတော့ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ပိုကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသိပညာဆိုတာက အမျိုးသမီးတ ခုတည်း မဟုတ်ဘူး။ အမျိုးသားတွေမှာလည် အားနည်းချက်တွေရှိတယ်။ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံက အမြင်ဖွင့်ပေးမယ်ဆိုလို့ရှိရင် အဖွဲ့အစည်းတွေ က ပူးပေါင်းပါဝင်ဖို့လိုတယ်။ အဖွဲ့အစည်းတွေက ဆွေးနွေးပွဲတွေလုပ်ပေး


ဖို့ အများကြီးလိုမယ်။ CSO တင်မကဘူး၊ ဌာနဆိုင်ရာတွေ၊ ဒေသမှာရှိနေတဲ့ ဒေသအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေ၊ ဘက်ပေါင်းစုံကပါဝင်နိုင်တဲ့ ပတ်ဝန်းကျင် ဖန်တီးပေးဖို့ကတော့ အဓိကကျတာပေါ့။" ဟုသူမက ဆက်လက် ပြောဆိုသည်။

"အခက်ခဲတွေက ဘာလည်းဆိုတော့၊ အခုဒေသခံတွေမှာ စားဝတ်နေရေးက အဓိကကျတယ်။ လက်ရှိမှာ စားဝတ်နေရေးက အရမ်းအခက်ခဲဖြစ်နေတော့ အမျိုးသမီးတွေမှာ အသိပညာပိုင်းဆိုရာရယူမှု၊ လက်ခံမှုမှာ ဝေးနေကြတယ်။ အသိပညာတွေရဲ့တန်ဖိုးတွေ၊ အကျိုးရှိမှုတွေကို အမျိုးသမီးတွေဟာ ကောင်း ကောင်း နားမလည်သေးတဲ့အတွက်ကြောင့် အစည်းအဝေးတွေကို လာရောက်ဖို့အတွက် အခက်ခဲတွေရှိနိုင်တယ်။ နောက်တခုက လက်ရှိနိုင်ငံရေးအခြေနေအရ အဖွဲ့အစည်းတွေမှာလည် အခက်ခဲတွေရှိနိုင်တယ်။ အတားဆီးတွေလည်း ရှိနိုင်တယ်။ အပဟန့်အတားတွေလည်း နှစ်ဖက်စလုံးမှာ အခက်ခဲတွေကလည်း အများကြီးပေါ့နော်။ ပါဝင်ပေးဖို့၊ ပူးပေါင်းပေးဖို့လည်း လိုမယ်။ ဒါတွေကို ဘယ်လိုကျော်လွှားမလဲဆိုတော့ တစ်ဖြည်းဖြည်းချင်း ကျော် လွှားသွားရမှာပေါ့။ ချက်ချင်းကြီးနဲ့ကျော် လွှားလို့ရတဲ့ ကိစ္စရပ်မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အခုအစ်မတို့ မေးတဲ့ကဏ္ဍတွေဆိုတာ အရမ်းအရေးကြီးတဲ့ ကဏ္ဍတွေလည်းဖြစ်တယ်။ တက်ညီလက်ညီ လုပ်ရမဲ့ ကဏ္ဍတွေဆိုတော့ အစ်မတို့လုပ်နေတဲ့ အဖွဲ့အစည်းတွေအနေနဲ့ပြောချင်တာပေါ့။ အဓိက (Short term)အနေနဲ့၊ စီမံကိန်း သဘောတရားနဲ့ အဆင်မပြေဘူး။ (Long term) အနေနဲ့ ပါဝင်ပေးမယ်၊ ပူးပေါင်းမယ်၊ ဆောင်ရွက်ပေးမယ် ဆိုရင်တော့ ဒီအခက်ခဲတွေကို ကျော်လွှား နိုင်မယ်လို့ထင်တယ်။ စီမံကိန်းဆိုရင် (၁) နှစ်ပေါ့၊ တချို့ဟာတွေဆိုလို့ရှိရင် ကာလတိုလေးတွေ ရှိတယ်။ (၆) လ၊ (၁) နှစ်၊ (၂) နှစ်၊ (၃) နှစ်၊ အဲ့တာတွေနဲ့ အများကြီး တိုးတက်လာမှာ မဟုတ်ဘူး။ နားလည်လာရုံဘဲရှိသေးတယ်။ အဖွဲ့အစည်းတွေမရှိတော့ဘူး။ အဲ့လိုမျိုးဖြစ်နေတဲ့အခြေနေတခု ဆိုတော့ (Long term) လုပ်ဖို့ လိုမယ်။" ဟု သူမက ဝေဖန်ထောက်ပြခဲ့ပါသည်။

## ၆.၅.၂။ သဘာဝပတ်ဝန်းကျင်နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းများမှ တွေ့ရှိချက်


မြေယာ၊ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား စီမံခန့်ခွဲရာတွင် ရခိုင်လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူဆုံးဖြတ်ပိုင်ခွင့် ရှိသည်/မရှိဟု ယူဆပါသလား ဟုလေ့လာကြည့်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရသည်။

*(မြေယာ၊ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား စီမံခန့်ခွဲရာတွင် ရခိုင်လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်ဟု ယူဆပါသလား။)*





သဘာဝပတ်ဝန်းကျင်ကို အမျိုးသမီးများ စိတ်ပါဝင်စားမှုအပေါ် လေ့လာဆန်းစစ်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

*သင့်ပတ်ဝန်းကျင်တွင်ရှိသော အမျိုးသမီးများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စိတ်ဝင်စားမှု ရှိပါသလား။*





သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်မှု အားကောင်းလာစေရန် ပညာပေးဆွေးနွေးမှုများနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို ပိုမိုအလေးထားသင့်ကြောင်း စစ်တမ်းရလာဒ်အရ တွေ့ရှိရပါသည်။

*အမျိုးသမီးများ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုများကို ပိုမို အလေးထား စိတ်ဝင်စားစေရန် မည်သို့ ဆောင်ရွက်မည်နည်း။*



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အမျိုးသမီးများ ဦးဆောင်ပါက ပိုမိုအောင်မြင်မှုရှိနိုင်သည်ဟု ယူဆကြောင်း စစ်တမ်းရလာဒ်က အောက်ပါအတိုင်းဖော်ပြသည်။

*(သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းများ၌ အမျိုးသမီးများ ဦးဆောင်ပါက ပိုမိုထိရောက်အောင်မြင်မည်ဟု ယူဆပါသလား။)*




**၆.၅.၃။ သဘာဝပတ်ဝန်းကျင်နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် စစ်တမ်းများမှ တွေ့ရှိချက် အပေါ်သုံးသပ်ချက်**

ရခိုင်ပြည်တွင် ပညာရေးနိမ့်ကျမှု၊ ဆင်းရဲမွဲတေမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရန်အတွက် ရေရှည်သတ်မှတ်ထားသော စီမံကိန်းများဖြင့် ဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်အပ်ပေသည်။

## ၆.၆။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေး ကဏ္ဍ

### ၆.၆.၁။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်များ

ရခိုင်လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (ဥပမာ – စက်မှုဇုံစီမံကိန်း၊ ရေအားလျှပ်စစ် စီမံကိန်း၊ သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်ရေးစီမံကိန်း)များ၌ အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍအား လေ့လာကြည့်ရာတွင် "အမျိုးသမီးပါဝင်မှု အခန်းကဏ္ဍတွေက စက်မှုဇုံလုပ်ငန်းတွေမှာဘဲဖြစ်ဖြစ်၊ ရေလုပ်ငန်းစတဲ့နေရာတိုင်းကို ကြည့်လိုက်တဲ့အခါမှာ တကယ့်အချက်အချာကျတဲ့ နေရာတွေမှာမဟုတ်ဘဲ သာမန်အလုပ်သမားနယ်ပယ်အဆင့်မှာဘဲ ရှိနေကြတာကိုတွေ့ရပါတယ်။ အမှန်တကယ် ဦးဆောင်မှုအပိုင်းမှာကျတော့ အမျိုးသမီးတွေက အခုပြောတဲ့နေရာတွေမှာ လုံးဝမရှိသလောက်ပြောလို့ရတယ်" ဟု အမျိုးသမီး အရေးကို ဆောင်ရွက်နေသူတဦးက ပြောဆိုသည်။

"နှစ်ပေါင်းများစွာပင် အစဉ်လာအားဖြင့်၊ ဥပဒေအားဖြင့်၊ စနစ်အားဖြင့် အမျိုးသမီးတွေအပေါ်မှာ ခွဲခြားချိုးနှိမ် ဖိနှိပ်မှုတွေရှိလာတဲ့ အနေထားတွေကြောင့် အခုလက်ရှိမှာ နိုင်ငံရေးအပြောင်းအလဲ ရှိလာခဲ့သည့်တိုင်အောင်တောင်မှ ဒီဆယ်စုနှစ် တခုမှာလည်း တစုံတရာ ကျား–မတန်းတူ ညီမျှရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းတွေကို အကောင်ထည်ဖော် ဆောင်ရွက်လာသည့်တိုင်အောင် နှစ်ပေါင်များစွာ၊ နှစ်ပေါင်းထောင်ချီပြီးတော့ ဖြစ်လာတဲ့ အစဉ်အလာတွေကို ချက်ချင်းကြီး လိုက်နိုင်ဖို့ဆိုတာက မလွယ်ပါဘူး။ ယခုခေတ်ကာလမှာတော့ ကျား–မ တန်းတူညီမျှရေးဆိုတဲ့ ရည်ရွယ်ချက်ကို ထားပြီးတော့ လုပ်ဆောင်နေကြတယ်။ သို့သော်လည်း တကယ့်ဦးဆောင်မှု အခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေကို နေရာပေးဖို့ကျတော့ မဖြစ်နိုင်သေးတဲ့ အနေထားတွေလည်းရှိတယ်။ တဘက်မှာ ကျတော့လည်း တချို့အမျိုးသမီးတွေက လုပ်ရည်ကိုင်ရည်ရှိတဲ့ အမျိုးသမီးတွေလည်းရှိပါတယ်။ သို့သော်လည်း အမျိုးသမီးတွေကို အသိအမှတ်ပြုရမယ်။ အမျိုးသမီးတွေကို အချက်

အချာကျတဲ့ နေရာတွေမှာ နေရာပေးရဖို့ ဆိုတာတွေကို လိုက်နာဆောင် ရွက်မှု အားနည်းနေသေးတဲ့ အချက်တွေကြောင့်လည်းပါတယ်။" သူမက ဆက်လက် ပြောဆိုသည်။


ရခိုင်လူ့အဖွဲ့အစည်းတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (ဥပမာ – စက်မှုဇုံစီမံကိန်း၊ ရေအားလျှပ်စစ် စီမံကိန်း၊ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစီမံကိန်း)များ၌ အမျိုးသမီးများ၏ ပါဝင်မှုအားကောင်းလာစေရန် အတွက် "အဓိကတော့ ပထမတချက်အနေနဲ့ အမျိုးသမီးတွေ ကိုယ်တိုင်က လည်း ထွက်ပေါက်ရှာဖို့လိုပါတယ်။ တချို့အမျိုးသမီးတွေ၊ ပညာတတ်တဲ့ အမျိုးသမီး တွေတောင်မှ အိမ်ထောင်သားမွေး၊ အိမ်မှုကိစ္စတွေကို တာဝန် ယူ ဆောင်ရွက်ရင်းနဲ့ ပြင်ပလုပ်ငန်းကိစ္စတွေမှာ တာဝန်ယူဖို့အတွက်က တော့ နှောင့်နှေးကြံ့ကြာ မှုတွေဖြစ်တယ်။ အဲ့တာကြောင့် ထွက်ပေါက်ကို အခက်အခဲဖြစ်နေတဲ့ အနေအထားရှိခဲ့ရင်လည်းဘဲ တဘက်က ဖောက် ထွက် ဖို့အတွက်လည်း ကြိုးစားဖို့လိုပါတယ်။ အမျိုးသမီးတွေ ကိုယ်တိုင်က တဘက်မှာ စနစ်အားဖြင့်လည်း ဖန်တီးပေးဖို့လိုတယ်။ မူဝါဒတွေ အကောင် အထည်ဖော် ဆောင်ရွက်လာနိုင်ဖို့ အစိုးရဌာန သို့မဟုတ် ဌာနဆိုင်ရာအသီး သီးတွေနဲ့ တခြားနယ်ပယ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင် (သို့) နိုင်ငံရေး ပါတီ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက စနစ်တခု ဖန်တီးပြီး တည်ဆောက် ပေးဖို့လိုတယ်။ မူဝါဒတွေ ချမှတ်ပြီးတော့ လုပ်ဆောင်ပေး ဖို့လို တယ်။" သူမ က ထောက်ပြပြောဆိုသည်။

## ၆.၆.၂။ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျား–မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေးကဏ္ဍနှင့်ပတ်သက်၍ စစ်တမ်းများမှ တွေ့ရှိချက်များ

ရခိုင်လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (ဥပမာ– စက်မှုဇုံ စီမံကိန်း၊ ရေအားလျှပ်စစ် စီမံကိန်း၊ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ် လုပ်ရေးစီမံကိန်း) များ၌ အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍအား လေ့လာ ကြည့်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရသည်။


ရခိုင်လူ့အဖွဲ့အစည်းတွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (ဥပမာ– စက်မှုဇုံ

စီမံကိန်း၊ ရေအားလျှပ်စစ် စီမံကိန်း၊ သဘာဝ ဓာတ်ငွေ့ တူဖော်ထုတ်လုပ်ရေး စီမံကိန်း)များ၌ အမျိုးသားများနှင့် တန်းတူဆုံးဖြတ်နိုင်သည့် အခွင့်အရေးရှိသည် ဟုယူဆပါသ လား။




ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများဦးဆောင်ပါက ပိုမိုအောင်မြင်လိမ့်မည်ဟု စစ်တမ်းဖြေဆိုသူ အများစုက ဖြေဆိုခဲ့ကြပါသည်။

*(ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမို ဦးဆောင်နိုင်ပါက ပို၍ အောင်မြင်နိုင်မည်ဟု ထင်ပါသလား။)*



### ၆.၆.၃။ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျား-မတန်းတူရေး၊ အမျိုးသမီး အခွင့်အရေး နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် စစ်တမ်းများမှ တွေ့ရှိချက်များ အပေါ် သုံးသပ်ခြင်း

တွေ့ရှိချက်များအရ ဖွံ့ဖြိုးရေးကဏ္ဍများတွင် အမျိုးသမီးပါဝင်မှု နည်းပါးကြောင်း သုံးသပ်အပ်ပေသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အမျိုးသမီးများသည် အမျိုးသားများထက် ငွေကြေးချွေတာတတ်သည့် သဘောရှိသဖြင့် အမျိုးသားများထက် ပိုမိုကောင်းမွန်လိမ့်မည်ဟု သုံးသပ်အပ်ပေသည်။

## ၆.၇။ ကျား-မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အထွေထွေကဏ္ဍ

### ၆.၇.၁။ ကျား-တန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အထွေထွေကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိချက်

ရခိုင်လူ့အဖွဲ့အစည်းတွင် ကျား-မတန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေးကို အဟန့်အတား ဖြစ်စေသည့် ဥပဒေများ နှင့်ပတ်သက်၍ မေးမြန်းရာတွင် “ပြောရမယ်ဆိုရင် ပြစ်မှုဆိုင်ရာဥပဒေတွေက ကန့်သတ်ထားတာတွေ တွေ့ရပါတယ်။ အမွေဆက်ဆံခွင့်၊ ယဉ်ကျေးမှုအရ ခွဲခြားထားတာရှိပါတယ်။ ဥပဒေအရ ထိထိရောက်ရောက် သတ်မှတ်ထားတာ မရှိဆိုတာကတော့ အမျိုးသမီးတွေအတွက် စီးပွါးရေးအရ သော်လည်းကောင်း၊ အမျိုးသမီးတွေ အတွက် ထိရောက် သောပြဋ္ဌာန်းချက်တွေ လိုအပ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ အားဖြင့်ဆိုရင်လည်း အမျိုးသမီးတွေကို ထိထိရောက်ရောက် ကာကွယ်ပေးဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေမရှိသေးလို့ ယူဆပါတယ်။” ဟု အမျိုးသမီး အရေးကို ဆောင်ရွက်သူတဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုနှင့်ပတ်သက်သောဥပဒေကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးကြောင်း၊ ပြည့်တန်ဆာဥပဒေ မရှိသဖြင့် လိင်ကြောင့်ကူးစက်သော ရောဂါအန္တရာယ်များသည် အမျိုးသမီးများအတွက် အန္တရာယ်မြင့်တက်နေကြောင်း၊ အရွယ်မတိုင်မီ လိင်ဆက်ဆံခြင်းအပေါ် ထိရောက်စေမည့် ဥပဒေရပ်များရှိရန် လိုအပ်နေကြောင်း တွေ့ရှိ


ရ ပါသည်။

ထုံးတမ်းစဉ်လာ ရှေးရိုးစွဲများသည်လည်း အမျိုးသမီးများ၏ အခွင့်အရေးကို ထိခိုက်စေနိုင်ပါက လူ့အဖွဲ့အစည်းတရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်သင့်သည်ဟု အမျိုးသမီးအရေး ဆောင်ရွက်သူတစ်ဦးက ဆိုပါသည်။

### ၆.၇.၂။ ကျား–မ တန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အထွေထွေကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းများ မှ တွေ့ရှိချက်

ရခိုင့်လူ့အဖွဲ့အစည်းတွင် ကျား–မတန်းတူရေးကို အဟန့်အတားဖြစ်စေသည့် ဓလေ့ထုံးစံများအား လေ့လာကြည့်ရာတွင် အောက်ပါအတိုင်းတွေ့ရှိရသည်။

*ရခိုင်လူ့အဖွဲ့အစည်းတွင် ကျား–မ တန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေးကို အဟန့်အတားဖြစ်စေသည့် ဓလေ့ထုံးတမ်း အစဉ်အလာများ ရှိပါသလား။*



### ၆.၇.၃။ ကျား–မတန်းတူရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အထွေထွေကဏ္ဍနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် စစ်တမ်းများမှ တွေ့ရှိချက် အပေါ် သုံးသပ်ချက်

ရခိုင်လူ့အဖွဲ့အစည်းအတွင်းတွင် ကျား–မတန်းတူရေးကို အဟန့်အတားဖြစ်စေသည့် ရှေးရိုး ဓလေ့ထုံးစံများရှိသည့်အပြင်၊ ကျား–မတန်းတူရေကို အဟန့်အတားဖြစ်စေနိုင်သည့် ဥပဒေအားနည်းချက်များ၊ အုပ်ချုပ်ရေး အားနည်းချက် များစွာရှိနေကြောင်း သုံးသပ်အပ်ပေသည်။

# အပိုင်း(၇)
# အကြံပြုချက်များ

**၁။ ရခိုင်ပြည်အပါအဝင် မြန်မာ့နိုင်ငံရေး အခန်းကဏ္ဍများ၌ အမျိုးသမီး ပါဝင်မှုအား ကောင်းလာစေရန် လွှတ်တော်အခန်းကဏ္ဍများတွင် အမျိုးသမီး ပါဝင်မှုရာခိုင်နှုန်းကို (၃၀%) အနည်းဆုံးသတ်မှတ်ပြီး အချိုးကျပါဝင်မှုစနစ် သတ်မှတ်ပေးရန်။**

မြန်မာနိုင်ငံ၏ နှစ်ပေါင်း (၆၀) ကျော် စစ်အုပ်ချုပ်ရေး စနစ်တွင် အမျိုးသမီး များ၏ နိုင်ငံရေးပါဝင်မှုအခန်းကဏ္ဍကို လျစ်လျူရှုခဲ့ကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြီးနောက် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပ ၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ပြီး စစ်အုပ်ချုပ်ရေးစနစ်မှ အရပ်သား အစိုးရစနစ်သို့ ကူးပြောင်းလာခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အခန်း ကဏ္ဍများပေါ်ပေါက်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် အားလုံးပါဝင်ကိုယ်စားပြုသည့် အစိုးရတရပ်ဖြစ်ပေါ်လာရေးကို ဦးတည် ကြိုးပမ်းနိုင်ခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဦးရေသည် တ နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးတက်ပြောင်းလဲခဲ့သည်ဟု ဆိုသော်လည်း ရာခိုင်နှုန်းအားဖြင့် အလွန်နည်းသည်။ ပြည်ထောင်စုလွှတ်တော်အဆင့် တွင် အမျိုးသမီးကိုယ်စားပြုမှု (၁၀.၅%) ရှိသည်။ အာရှတွင်းဒေသ နိုင်ငံ များ၏ လွှတ်တော်အခန်းကဏ္ဍများ၌ အမျိုးသမီးပါဝင်မှုကို လေ့လာကြည့် ရာ ဖိလစ်ပိုင် (၂၇.၂%)၊ ဗီယက်နမ် (၂၅.၃%)၊ စင်ကာပူ (၂၃.၉%)၊ တရုတ် (၂၃.၆%)၊ ကမ္ဘောဒီးယား (၂၀.၃%)၊ ဘင်္ဂလားဒေ့ရှ် (၂၀%)၊ နှင့် အင်ဒိုနီးရှား (၁၇.၁%) ရှိသည်။ ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်မှ ရခိုင်အမျိုး သမီး လွှတ်တော်ကိုယ်စားလှယ် (၅) ဦးခန့်ရွေးချယ်တင်မြှောက် ခံခဲ့ရသော် လည်း စစ်တပ်၏ အာဏာသိမ်းမှုကိုကြုံခဲ့ရသည်။

ထို့ကြောင့် လွှတ်တော်အခန်းကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုကို တိုးမြှင့် လာစေရန် အချိုးကျပါဝင်မှုစနစ်အား အကြံပြုအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များရှိ အမျိုးသမီး ကိုယ်စားလှယ်အရေအတွက် ကို ဇယားဖြင့်ဖော်ပြအပ်သည်။

| လွှတ်တော် အမည် | ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များ | | စစ်တပ်မှခန့်သော ကိုယ်စားလှယ်များ | |
|---|---|---|---|---|
| | ၂၀၁၁- ၂၀၁၆ | ၂၀၁၆- ၂၀၂၁ | ၂၀၁၁- ၂၀၁၆ | ၂၀၁၆- ၂၀၂၁ |
| အမျိုးသား လွှတ်တော် | အမျိုးသမီး -၄ ဦး အမျိုးသား - ၁၅၅ဦး | အမျိုးသမီး - ၂၃ ဦး အမျိုးသား - ၁၄၅ ဦး | အမျိုးသမီး - မရှိ အမျိုးသား - ၅၆ ဦး | အမျိုးသမီး - မရှိ အမျိုးသား - ၅၆ ဦး |
| ပြည်သူ့ လွှတ်တော် | အမျိုးသမီး - ၂၄ ဦး အမျိုးသား - ၂၈၃ ဦး | အမျိုးသမီး - ၄၄ ဦး အမျိုးသား -၂၇၉ ဦး | အမျိုးသမီး - ၂ ဦး အမျိုးသား -၁၀၈ ဦး | အမျိုးသမီး - ၂ ဦး အမျိုးသား -၂၀၉ ဦး |
| ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ | အမျိုးသမီး - ၂၅ ဦး အမျိုးသား - ၆၃၄ ဦး | အမျိုးသမီး - ၈၄ ဦး အမျိုးသား -၅၇၅ ဦး | အမျိုးသမီး - ၁ ဦး အမျိုးသား -၂၂၀ ဦး | အမျိုးသမီး - ၂ ဦး အမျိုးသား -၂၀၉ ဦး |

ကိုးကား – အမျိုးသားလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ မြန်မာနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီး ပါဝင်မှု(ဖန်တီးအိမ်)

**၂။ ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီး ပါဝင်မှုကို (၃၀%) သတ်မှတ်ပြီး အချိုးကျပါဝင်မှု စနစ်ကို အကောင်အထည် ဖော်ရန်။**

မြန်မာနိုင်ငံသည် CEDAW ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်သည့် အတွက် ကျား– မ အချိုးကျ ပါဝင်မှု (Gender quota) ဖြင့် လတ်တလော

ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်လိုအပ်သည့် နိုင်ငံဖြစ်ပါသည်။ ပြည်သူ့ရေးရာ လုပ်ငန်းစဉ်များနှင့် အခန်းကဏ္ဍအားလုံးတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုရှိနေသည်ကို တွေ့ရှိချက်များက ဖော်ပြနေပေသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း အမျိုးသမီးများပါဝင်မှုရှိရမည်ဖြစ်သည်။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA တွင် "နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်များ သင့်တင့်လျောက် ပတ်သော အချိုးအစားဖြင့်ပါဝင်နိုင်ရေး အတွက်ဆောင်ရွက်သွားမည်။" ဟု မရေရာမရှင်းလင်းသည့် ရေးသားဖော်ပြချက်မျိုးကို တွေ့ရပါသည်။ "သင့်တင့်လျောက်ပတ်သော အချိုးအစား"ဟု သုံးနှုန်း မည့်အစား "(၃၀%)" ဟု အတိအကျဖော် ပြသင့်သည်။

၃။ အခန်းကဏ္ဍ အသီးသီး၌ အမျိုးသမီးပါဝင်မှု အားကောင်းလာစေရန် အစိုးရ၊ နိုင်ငံရေးပါတီများ၊ လူမှုအသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့ အစည်းများက ကူညီပံ့ပိုးပေးကြရန်။

၄။ အမျိုးသမီးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများပပျောက်ရေး အတွက် တရားဥပဒေ စိုးမိုးရေးကို အစိုးရက အထူးကြိုးစား ဆောင်ရွက်ရန်။

၅။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ဖြစ်ပေါ်စေနိုင်သည့် ဥပဒေများကို ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းများကို လွှတ်တော် အရပ်ရပ်က ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများအားခွဲခြားဆက်ဆံမှု ပပျောက်မှုဆိုင်ရာ အသိပညာပေး လုပ်ငန်းများ၊ သင်တန်းများကို အစိုးရ၊ လူမှုအသင်းအဖွဲ့များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းများက အရေးတကြီးဆောင်ရွက်ပေးကြရန်။

၇။ ကျား-မတန်းတူရေးနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး အတွက် အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကူညီရန်။

# ရခိုင်ပြည်တွင်း အမျိုးသမီးအခွင့်အရေးနှင့် ကျား-မ တန်းတူရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ချက်

Email: aasyc.ghq@gmail.com
Phone - +66 (0) 946062178
www.aasyc.info
https://twitter.com/aasyc ghq
https://www.facebook.com/aasyc.arakan/

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး မှ စီစဉ်ထုတ်ဝေသည်။